မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၃၂)

မာတာပိတုဉပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးအဖြစ်ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ရေးအတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးကို နိုင်ငံရေးဦးတည်ချက်အဖြစ်ချမှတ်ကာ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့သဝဏ်လွှာမှ-

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်သို့ ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် H.E. Shiv Shankar Menon အား ယနေ့နံနက် ၁၀နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် H.E. Shiv Shankar Menon နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra နှင့် သံရုံးအဖွဲ့ဝင်တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် H.E. Shiv Shankar Menon အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် H.E. Shiv Shankar Menon အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်)

မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားရေး ရုပ်ရှင်လောကသားများ ကြိုးပမ်းစွမ်းဆောင်

၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားကို ဖေဖော်ဝါရီလ၇ရက်နေ့က နေပြည်တော်၌ ကျင်းပခဲ့ပြီး အနုပညာရှင်၊ အတတ်ပညာရှင်များအား ထူးချွန်ဆု(၁၁)ဆု ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများပူးပေါင်းပြီး ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားတက်သရော တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးနှင့် ဈေးကွက်ကျယ်ပြန့်ရေးသည် မြန်မာ့ရုပ်ရှင်လောက၏ အသက်ပင်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ပြည်ပ၌ပါဝင်ပြသနိုင်ရေး၊ ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရေးတို့ကိုလည်း အားပေးကူညီလျက်ရှိသည်။ ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်ဇာတ်ကားများ အရည်အသွေးမြင့်မားလာစေရေးအတွက် ပြည်ပနှင့်ပူးပေါင်းရိုက်ကူးထုတ်လုပ်ပြီး ပြည်ပ၌ ပြသနိုင်စေရေး ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

မြန်မာပြန်ကြားရေးအဖွဲ့သည် အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် ရုပ်သံလွှင့်ဆိုင်ရာပြပွဲ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား အပြည်ပြည်ဆိုင်ရာပြပွဲ၊ ပေကျင်းရုပ်ရှင်ပွဲတော်နှင့် (၁၆)ကြိမ်မြောက် ရွှေကြက်-ရာပန်းရုပ်ရှင်ပွဲတော်များတွင် သွားရောက်ဆင်နွှဲခဲ့ကြသည်။ ထို့ပြင် တရုတ်၊ စင်ကာပူ၊ ဟောင်ကောင်တို့၌ ဒီဂျစ်တယ်စီနီမာ နည်းပညာများ လေ့လာဆည်းပူးခဲ့ကြသည်။

နိုင်ငံတကာလေ့လာမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှ အတွေ့အကြုံကောင်းများကို ပေါင်းစပ်ပြီး မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အထောက်အကူရရှိစေမည် ဖြစ်သည်။

သို့ဖြစ်ရာ ရုပ်ရှင်အနုပညာရှင်များနှင့်ထုတ်လုပ်သူများသည် အရည်အသွေးမြင့်မားပြီး ဈေးကွက်ထိုးဖောက်နိုင်သည့် ဇာတ်ကားများ ယခုထက်ပိုမို ကြိုးပမ်းစွမ်းဆောင်ထုတ်လုပ်ခြင်းဖြင့် မြန်မာ့ရုပ်ရှင်အဆင့်အတန်းတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာပြန်ပွဲနှင့်စာအောင်ဆုနှင်းသဘင် ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၈

သမိဒ္ဓေါဒယ သုခိတာယာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်၌ (၆၄)ကြိမ်မြောက် သဒ္ဓမ္မဇေအာဂမ+သဘာဝ နှစ်ဌာနစာမေးပွဲကို ဖေဖော်ဝါရီ ၁၀ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီမှ စတင်ဖွင့်လှစ်ပြီး စာအောင်ဆုနှင်းသဘင် အခမ်းအနားနှင့် အစိုးရသာသနဓဇမ္မောစရိယဘွဲ့ရ ဆရာလေးများ၊ အစိုးရ နိကာယ် မြန်မာတစ်ပြည်လုံး သီလရှင်ပထမ၊ အစိုးရပါဠိပထမပြန် ပထမငယ်တန်း မြန်မာတစ်ပြည်လုံး သီလရှင်ပထမ ဆရာလေးများအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားများကို ဖေဖော်ဝါရီ၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကိုယ်တိုင်ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

၂၀၀၈ ခုနှစ် ရန်ကုန်မြို့တော်ဝန်ဖလား အသင်းလိုက်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် ၂၀၀၈ခုနှစ် ရန်ကုန်မြို့တော်ဝန်ဖလား အသင်းလိုက်တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် တစ်ဦးချင်း နှစ်ပွဲ၊ နှစ်ယောက်တွဲတစ်ပွဲကစားခွင့်ပြုမည်။ အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံးလေးဦးနှင့် အများဆုံးငါးဦး ပါဝင်ယှဉ်ပြိုင်နိုင်သည်။ (ခ) အဆင့် အသင်းလိုက်ပြိုင်ပွဲ နှစ်ယောက်တွဲသုံးပွဲကစားခွင့်ပြုမည်။ အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံးခြောက်ဦး အများဆုံး ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲစည်းကမ်းများအနေဖြင့် (က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့်ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားများသာ ပါဝင်ရန်၊(ခ) အဆင့် အသင်းလိုက်ပြိုင်ပွဲများတွင် ပြည်နယ်နှင့်တိုင်းအဆင့် မဟုတ်သူများ၊ အသက်(၄၅)နှစ်နှင့်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင်တစ်ဦးသာ ပါဝင်ခွင့်ရှိပြီး အသက်(၅၀)အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။

ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်လိုသူများသည် ဖေဖော်ဝါရီ ၁၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းရမည်ဖြစ်ပြီး ဖေဖော်ဝါရီ၁၁ရက် မွန်းလွဲ၁နာရီတွင် ပွဲစဉ်များရေးဆွဲမည့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရုံးခန်းသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ကျွမ်းကျင်(၂)ရာထူးအတွက် စာမေးပွဲစစ်ဆေးမည့်နေ့ရက် ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် ခေါ်ယူထားသော အသံလွှင့်ကျွမ်းကျင်(၂)/အသံလွှင့်ကျွမ်းကျင်(၂) (ကချင်၊ ကယား၊ စကောကရင်၊ မွန်၊ ရခိုင်၊ရှမ်း)၊ အသံလွှင့်ကျွမ်းကျင်(၂) (လွှင့်သံထောက်)/ ရုပ်သံကျွမ်းကျင်(၂)/အီလက်ထရွန်နစ်ကျွမ်းကျင်(၂)/ကျွမ်းကျင်(၂) (ကွန်ပျူတာ)ရာထူးများ ရေးဖြေစာမေးပွဲ စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၃ရက်(စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက(၁)စမ်းချောင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ စစ်ဆေးမည်ဖြစ်သည်။

မိမိဖြေဆိုရမည့် ခုံအမှတ်များကို ဖေဖော်ဝါရီ ၂၀ရက်နှင့် ၂၁ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ကိုယ်တိုင်လာရောက်သတင်းပို့ပြီး ရယူရမည် ဖြစ်သည်။

စာမေးပွဲလာရောက်ဖြေဆိုသူများသည် စာမေးပွဲဖြေဆိုမည့်နေ့တွင် ပညာအရည်အချင်းအောင်လက်မှတ်မူရင်း၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့ အရိုးကုဆရာဝန် ညီလာခံဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့က ကြီးမှူးကျင်းပသော အကြိမ်(၂၀)မြောက် အရိုးကုဆရာဝန်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် အရိုးရောဂါပညာအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်ဟန်တို့က အမှာစကားပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ညီလာခံအထိမ်းအမှတ် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရွေးချယ်

ယင်းနောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ပါမောက္ခ ဗိုလ်မှူးကြီး ထွန်းထွန်းအား အရိုးရောဂါပညာအဖွဲ့ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ကြောင်းသိရသည်။(သတင်းစဉ်)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြင့်မိုရ်လမ်းနေ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ၈ရက်က ကွယ်လွန်ခဲ့သော ပါပါ ဦးငွေထွန်းအား ရည်စူး၍ ဇနီးဒေါ်ညွန့်ညွန့်တင် မိသားစုက ဆေးပဒေသာပင်နှင့် ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝိဇာတမင်္ဂလာနှင့် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန် အရှေ့ပိုင်းခရိုင်သာကေတ မြို့နယ် ၇ အနောက်ရပ်ကွက် မဟာစေတီတိုက် ရန်ကုန်ကျောင်း၌ ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တခေမာဝံသ ၏ သက်တော် (၇၀) ပြည့် မဟာဝိဇာတမင်္ဂလာနှင့် (၂၆) ကြိမ်မြောက် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်မှ ၁၇ရက် အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး တပို့တွဲလဆန်း ၁၁ရက်၊ ဖေဖော်ဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ပဋ္ဌာန်းအောင်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသဖြင့် အလှူရှင်များ ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (၁၁၆)

ပေးအပ်လှူဒါန်း

အမှတ် ၁၅၇ ၁၀၁လမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ်နေ အဖ ဦးသန်း - အမိ ဒေါ်မြနှင့် မောင် ဦးအောင်မြင့်တို့အား ရည်စူး၍ ဒေါ်လှသန်း မိသားစုကဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် ငွေကျပ် ၁၅၀၀၀၀ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု ဧရာဝတီတိုင်း မြောင်းမြမြို့နယ်၌ လမ်းသစ်များဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၈

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ကြာဖူးငုံ-လက်ပံကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၄ရက်က အဆိုပါမုခ်ဦးနေရာ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျောက်ချောလမ်းသစ်ကို မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဒေါက်တာဌေးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ အဆိုပါကျေးလက်ကျောက်ချောလမ်းသစ်မှာ အရှည်ပေ ၇၄၀၀ ရှိပြီး စည်ပင်သာယာရေးဦးစီးဌာန ရန်ပုံငွေဖြင့် မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းပြီးစီးသွားသဖြင့် မြောင်းမြ-အိမ်မဲ အဝေးပြေးလမ်းမကြီးပေါ်သို့ ကံကြီးချောင်းရိုးတစ်လျှောက်ရှိကျေးရွာများမှ လွယ်လင့်တကူသွားလာနိုင်ပြီဖြစ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မြောင်းမြမြို့နယ် ကွယ်လွယ်ကျေးရွာ ဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ **(အောက်ပုံ)** ရှေးဦးစွာ ကျေးရွာဘုရားလမ်း ကတ္တရာလမ်းသစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်နိုင်၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးပြုံးချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါလမ်းမှာ အရှည်ပေ၁၅၆၀၊ အကျယ်၁၂ပေ ကတ္တရာလမ်းဖြစ်ပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ကာ လမ်းပြီးစီးသွားသဖြင့် မြောင်းမြ-အိမ်မဲ အဝေးပြေးလမ်းမကြီးမှ ကျေးရွာအတွင်းပိုင်းအထိ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် "Symposium on Food Borne Diseases and Food Safety" ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(A)တွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို မှတ်ပုံတင်၍ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

မိဘနှစ်ပါးအား အမှူးထား၍ ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် တောင်မြင်းပြိုင်ကွင်းလမ်း အမှတ် ၂၅နေ အလှူဒါယကာဦးငွေစိုး၊ အလှူဒါယိကာမ ဒေါ်ခင်ဌေးရီ၊ သားမောင်ကျော်နောင်စိုး၊ မောင်မျိုးနောင်စိုး သမီး မထက်ထက်ခိုင် မိသားစုသည် တာမွေကြီး (က+ဂ) ရပ်ကွက် မင်္ဂလာဖေယျုံပရိယတ္တိစာသင်တိုက် သုံးထပ်ကျောင်းတိုက်ကြီး၏ ဒုတိယထပ် ဘုရားခန်း၌ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူနှင့်ပလ္လင်၊ တံကဲ၊ ပန်းဆွဲ၊ ပန်းတောင်၊ ဆေးရေးပန်းချီမြန်မာမှုတို့အတွက် အလှူငွေကျပ်၁၁သိန်းကို ဘဒ္ဒန္တဩဘာသ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ထိုင်း နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာ နော့်(ပ်)ဖာဒွန်ဖတ်တမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၀၈(စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo
	ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	**'နှောင်ဖွဲ့ခြင်းနှင့် လွတ်မြောက်ခြင်း'တရားတော် အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)**
၈း၀၀ - ၂း၀၀	လွင်မိုးခရီးသွားနေသည် အပိုင်း(၂)
၈း၃၀ - ၂း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅ - ၂း၅၅	ခနရိုးရာအစားအစာ စားချင်ဖွယ်ရာဟင်းထုပ်ပါ
၉း၀၅ - ၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	ဂုန်လျှော်နှင့် ဂုန်လျှော်ထွက်ပစ္စည်းများ
၉း၃၅ - ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅	Yangon Panorama (Miss Now How 2007 ရွေးချယ်ပွဲအခမ်းအနား)
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	စက္ကူထုပ်ပိုး ပြည်အကျိုး နိုင်ငံတော်မှာဝင်ငွေတိုး
၁၀း၄၅ - ၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅ - ၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀ - ၅း၀၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၁၅ - ၅း၁၅	ချင်းရိုးရာဝတ်စားဆင်ယင်မှု
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀	နိုင်ငံတကာသတင်း အကျဉ်း
၁၁း၃၅ - ၅း၃၅	စားဖွယ်စုံလင် ဒေသအစားအစာ အစီအစဉ် (ကချင်ရိုးရာအစားအစာ)
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	ရတနာရွှေသိုက်
၁၂း၁၀ - ၆း၁၀	(၁၄)ကြိမ်မြောက် Screen Actors Guild Awards 2008 ဆုပေးပွဲအခမ်းအနား
၁၂း၄၀ - ၆း၄၀	ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ပြင်ဦးလွင်မြို့ အပိုင်း(၁)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Series A ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Roma-Reggina	5 Cartoon(Live)

English Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Aston Villa - Newcastle	ESPN(Live)
၉း၂၅	Everton - Reading	ESPN(Live)
	Derby - Totteham	Star Sport(Live)
၁၁း၃၀	Bolton - Portsmouth	Star Sport(SDD)
၁၂း၀၀	West Ham - Birmingham	ESPN(SDD)

Africa Cup of Nations(2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	တတိယနေရာလုပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Ghana - Ivory Coast	Euro Sport(Live)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလအတွက်
(၁၀-၂-၂၀၀၈)ရက် နှင့် (၂၄-၂-၂၀၀၈)ရက်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း လေ့လာရေးခရီးအသင်းဝင်များစာရင်းပေးသွင်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူး၍ မုံရွာမြို့ရှိ အမှတ်(၁) ကြေးနီသတ္တုတွင်း၊ မန္တလေးတိုင်း အတွင်းရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ပြင်ဦးလွင်ရှိ အမှတ်(၁) သံနှင့် သံမဏိစက်ရုံများသို့ ဖေဖော်ဝါရီ ၂၀ရက်မှ ၂၄ရက်အထိ လေ့လာရေးခရီးစဉ်များအဖြစ် သွားရောက်မည်ဖြစ်ရာ လိုက်ပါလိုသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များအနေဖြင့် ဖေဖော်ဝါရီ ၁၄ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတက္ကသိုလ်များ(လှိုင်နယ်မြေ)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၆သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၉-၂-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ရက်ချိန်း** လူမင်း၊ အိန္ဒြာကျော်ဇင်
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၀	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄း၃၅	၅။	မျိုးချစ်တပ်မတော်
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၇။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ** (အပိုင်း-၁၇)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	လူရွှင်တော်ရွှေဖလား
	၁၈။	English Usage
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၃၁)

ဝါးခယ်မအသင်း(ရန်ကုန်) နှစ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၈

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၅၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ဘွဲ့ထူးဂုဏ်ထူးရပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့နေ အသက်(၇၅)နှစ်နှင့်အထက် ဝါးခယ်မမြို့နယ်သား ကန်တော့ခံ အဘိုးအဘွားများ၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အဆင့်(၁)၊ အဆင့်(၂)ရရှိကြသည့် ကျောင်းသားများ၊ ဂုဏ်ထူးရကျောင်းသားများ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရပုဂ္ဂိုလ်များသည် အခမ်းအနားသို့ တက်ရောက်ရန် အသင်းတိုက်တည်ရှိရာ အမှတ်(၁၂) စဉ့်အိုးတန်းလမ်း လသာမြို့နယ် ဖုန်း-၂၂၆၅၉၀သို့ ဖေဖော်ဝါရီ ၁၅ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြသည်။ **(က-ပ)**

နိဗ္ဗာန်ဆီသို့ အထူးတရားပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

ပထမအကြိမ်မြောက် နိဗ္ဗာန်ဆီသို့ အထူးတရားပွဲကို ဖေဖော်ဝါရီ ၅ရက်မှ ၆ရက်အထိ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၇ရက်မှ ၉ရက်အထိ နေပြည်တော်တပ်ကုန်းရှိ ဗုဒ္ဓသာသနာပြု ဗိမာန်တော်ကြီး၌ လည်းကောင်း ဗုဒ္ဓစာပေဆုရ ဆရာကြီး ဒေါက်တာချစ်ငယ်(ဒဿန) M.A, Ph.D (Philosophy in Religious Sciences London) **(အောက်ပုံ)**က ဝိပဿနာကျင့်စဉ်မြတ်၊ အရိယာ၊ ရဟန္တာနှင့် နိဗ္ဗာန်အကြောင်း သူတော်ကောင်းများ၏လောကကို အလှဆင်ခြင်း၊ သခ်တနှင့် အသခ်တစိတ်နှင့် ဉာဏ်ကွဲပြားမှု နိဗ္ဗာန်စံရတရားတော်များကို ဟောပြောပို့ချခဲ့ကြောင်း သိရသည်။ **(က-ပ)**



9-2 (03) 1 2/9/08, 2:18 AM

နိုင်ငံတကာမှခင်းဖြစ်ရပ်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့ သည်

အတိတ်မှအရိပ်ပမာ

ဒေါက်တာအမစ်ကူးမား

ဘရမ်ပတန်မြို့သည် ကနေဒါနိုင်ငံ အွန်တာရီယိုပြည်နယ် အရှေ့တောင်ပိုင်းရှိ တိုရွန်တိုမြို့ အနီးတွင်ရှိသော မြို့ငယ်ကလေးဖြစ်သည်။ လူဦးရေ သုံးသိန်းကျော် နေထိုင်ပြီး အေးချမ်းဆိတ်ငြိမ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီးကူးသန်းရောင်းဝယ်ရေးအသင့်အတင့် ဖြစ်ထွန်းသောမြို့ဖြစ်သည်။

ဘရမ်ပတန်မြို့ကလေးသို့ လွန်ခဲ့သော ၂၀၀၇ခုနှစ်အစပိုင်းက ဒေါက်တာအမစ်ကူးမားရောက်ရှိလာကာ ကြီးမားသော ခြံကျယ်ကြီးတစ်ခြံနှင့် အိမ်ကြီးတစ်လုံးကိုဝယ်ယူကာ ဇနီး၊ သားသမီးနှစ်ဦးတို့နှင့် နေထိုင်ခဲ့လေသည်။ ဒေါက်တာအမစ်ကူးမားသည် သူ၏နောက်ကြောင်း ရာဇဝင်ဇာစ်မြစ်ကို ပတ်ဝန်းကျင်က မည်သူမျှမသိအောင် ဇာတ်မြှုပ်နေထိုင်ခဲ့လေသည်။ ထို့ထက် သူအသိုသိပ်ဆုံးအရာကား သူ၏အလုပ်အကိုင်နှင့် သူ၏ ဆန့်တို့ချိရာအွတ်ဆိုသည့် နာမည်အရင်းပင်ဖြစ်သည်။

ထင်ဟပ်လာခဲ့

သာယာအေးချမ်းလှသော ဘရမ်ပတန်မြို့တွင် နေထိုင်ရသော်လည်း အမစ်ကူးမားသည် အေးချမ်းမှုကို ပြည့်ပြည့်ဝဝ မခံစားနိုင်ခဲ့ပေ။ သူ တရားမဝင် စီးပွားရှာခဲ့သောကြောင့် တစ်နေ့မှ စိတ်အေးချမ်းသာ မရှိခဲ့ပေ။ အရာရာကို စိုးရိမ်နေခဲ့ရပြီး မည်သည့်အချိန်တွင် သက်ဆိုင်ရာတို့က သူ့ကိုလာရောက်ဖမ်းဆီးမလဲဟု ထိတ်လန့် သွေးပျက်နေခဲ့မိသည်။ ထိုသို့ နေရသည့်ကြားမှပင် တစ်ဖက်က မြိုးမြိုးမြက်မြက်ရသော တရားမဝင်စီးပွားရှာမှုကိုလည်း လက်မလွှတ်နိုင်ခဲ့ပြန်ပေ။ ဝိသမလောဘန္တအတွင်းမှ ရုန်းထွက်လိုသော်လည်း ရုန်းမထွက်နိုင်ခဲ့သည့် သူ၏လုပ်ရပ်မှာ မီးစတစ်ဖက်ရေမှုတ်တစ်ဖက်ဖြစ်နေသည်။ သူတတ်မြောက်ထားသည့် ဆေးပညာဖြင့် ရိုးရိုးသားသား စီးပွားရှာခဲ့ပါက ယခုကဲ့သို့ ရင်တွင်း၌ပူလောင်ပြင်းပြမှုကို ခံစားရမည်မဟုတ်ပေ။ အတိတ်က အေးချမ်းသာယာသောဘဝနှင့် ပူလောင်ပြင်းပြရင်မောရသောဘဝများ၏ ပုံရိပ်က သူ့စိတ်အစဉ်ကို ထင်ဟပ်လာခဲ့ပြန်သည်။

ကုန်သည်မိဘများ၏သား အမစ်ကူးမားသည် ငယ်စဉ်ဘဝကပင် ဆေးပညာကို ဝါသနာပါသဖြင့် ဆရာဝန်ဖြစ်ရန် ရည်မှန်းကြိုးစားခဲ့ရာ အသက်၂၃နှစ်အရွယ်တွင် ခွဲစိတ်ကုဆရာဝန်ဘွဲ့ကိုရရှိခဲ့သည်။ အလုပ်သင်ဆရာဝန်အဖြစ် တစ်နှစ်လုပ်ကိုင်ပြီးနောက် လုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ သူဝါသနာပါရာကို လုပ်ကိုင်ရသဖြင့် သူ့ဘဝမှာပျော်ရွှင်မှု အတိပြီးနေခဲ့သည်။ ဆေးကုသရာတွင် ဝါသနာထုံပြီး ပါရမီလည်းပါသူ အမစ်ကူးမားသည် ဆရာဝန်လောကတွင် ထင်ပေါ်ကျော်ကြားခဲ့သည်။ သူ၏ ရုပ်ရည်သန့်ပြန့် ချောမောမှုကြောင့် ဘောလိဝုဒ်ရုပ်ရှင်လောကမှ ကားတစ်ကားတွင် ရုပ်ရှင်သရုပ်ဆောင်ဖြစ်ခဲ့သေးသော်လည်း နောက်ပိုင်းတွင် သူဝါသနာပါရာ ဆရာဝန်အလုပ်တွင်ပင် တစိုက်မတ်မတ်မြှုပ်နှံ လုပ်ကိုင်ခဲ့သည်။ အမစ်ကူးမားသည် ဆရာဝန်ဖြစ်ပြီး နှစ်၂၀ခန့်အထိ ရိုးရိုးသားသား ဆေးကုရင်းပါရဂူဘွဲ့များကို ယူကာ ဘဝကို ဖြတ်သန်းခဲ့သည်။ လွန်ခဲ့သောကိုးနှစ်ခန့်က ရိုးသားဖြောင့်မတ်သော သူ၏စိတ်ကို ဝိသမ လောဘဟူသော အမှောင့်ပယောဂ ပူးကပ်ချိန်မှစတင်ကာ သူ၏ဘဝတွင် စိုးရိမ်သောကများနှင့် နပန်းလုံးခဲ့ရတော့သည်။

အလိုရှိနေသူ

သူသည် ဇာတိအိန္ဒိယနိုင်ငံတွင် အသက်ရှင်ရန် မျှော်လင့်ချက်မရှိတော့သော လူနာများထံမှ ကျောက်ကပ်ကိုထုတ်ယူပြီး ကျောက်ကပ်လိုအပ်သော လူနာများထံသို့ ရောင်းစားကာ အစားထိုးခွဲစိတ်ကုသမှုပြုလုပ်ခဲ့သည်။ အခြားသော လူများထံမှလည်း အကြမ်းဖက်နည်းများသုံးကာ ကျောက်ကပ်ရယူခဲ့သည်။ သူသည် လွန်ခဲ့သောကိုးနှစ်အတွင်း နိုင်ငံပေါင်းများစွာတို့တွင် တရားမဝင် ကျောက်ကပ်အစားထိုး ကုသမှုပေါင်း ၅၀၀ကျော် ပြုလုပ်ခဲ့မှုဖြင့် ယင်းနိုင်ငံများက အလိုရှိနေသူဖြစ်သည်။

ခြေရာခံဖမ်းဆီး

နယူးဒေလီမြို့အနီး ဂူဂါအွန်ဒေသတွင်အခြေစိုက်သော သူ၏ခွဲစိတ်ခန်းတွင် ကျောက်ကပ်အစားထိုးခဲ့သူတစ်ဦးကို ရဲတပ်ဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ သူ၏ခွဲစိတ်မှုကိုခံယူခဲ့သော အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်အနောက်ပိုင်း ရှိချက်စတာမြို့မှ အသက် ၅၃နှစ်အရွယ် ရှိုင်းမက်သရူးကိုမူ အလွန်အမင်း ကျန်းမာရေး ချို့တဲ့မှုကြောင့် မဖမ်းဆီးခဲ့ပေ။ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၄ရက်တွင် ဂူဂါအွန်ဒေသမှ ရဲတပ်ဖွဲ့က ကူးမား၏ အစားထိုးခွဲစိတ် ကုသမှုကွန်ရက်ကြီးကို ခြေရာခံဖမ်းဆီးလုပ်ခဲ့သည်။

ခြေရာခံမိခဲ့

သူ၏ တရားမဝင် ခွဲစိတ်ကုဆရာဝန်လေးဦး၊ သူနာပြုငါးဦး၊ ဆေးဘက်အကူ ၂၀၊ ကိုယ်ပိုင်ဆေးခန်းသုံးခု၊ ရောဂါရှာဖွေရေးဆေးခန်း ၁၀ခု၊ ရောဂါရှာဖွေရေးဗဟိုဌာန ငါးခုတို့ဖြင့် ဝေးလံသော ကနေဒါ၊ ဂရိနှင့်အမေရိကန်တို့မှ လူနာများကို ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသပေးခဲ့သည်။ ကူးမားသည် အမျိုးသမီးများအား ပလတ်စတစ်အစားထိုး ခွဲစိတ်ပြုပြင်မှုများလုပ်ပေးခဲ့သကဲ့သို့ နီပေါနိုင်ငံ ခတ္တမန္ဒူတွင် တူရကီနှင့် နိုင်ဂျီးရီးယားတို့မှ အရာရှိနှစ်ဦးကို ကျောက်ကပ်အစားထိုးကုသပေးခဲ့ပြီး ယင်းမြို့တွင် သူ၏ဆေးရုံတစ်ရုံရှိသည်။ သူသည် တိုရွန်တိုမြို့၊ ဟာမီလ်တန်မြို့နှင့် ဒူဘိုင်းမြို့၊ တူရကီ၊ ဂရိ၊ နီပေါ၊ ဆီးရီးယားနှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့ ဖုန်းမကြာခဏခေါ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကခြေရာခံမိခဲ့သည်။ ၁၉၉၄ခုနှစ်က နာမည်ခြောက်မျိုးဖြင့် နိုင်ငံကူးလက်မှတ်အတုများရှိသူ ကူးမားကို မွန်ဘိုင်းတွင် ဖမ်းဆီးရန် ကြိုးပမ်းသော်လည်း မအောင်မြင်ခဲ့ပေ။

ဝိသမလောဘနောက်သို့လိုက်ခဲ့သူ အမစ်ကူးမားသည် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၄ရက်က နိုင်ငံတကာ၏ ဖမ်းဝရမ်းထုတ်မှုကိုခံခဲ့ရသည်။ အတိတ်၏ အရိပ်ပမာ ခြောက်လှန့်မှုကိုခံနေရသော ကူးမား၏အဖြစ်ကို ကြည့်ခြင်းအားဖြင့် ရိုးဖြောင့်သော အသက်မွေးဝမ်းကျောင်းမှုဖြင့် ရပ်တည်ရင်း ဘဝကို အေးချမ်းစွာဖြတ်သန်းသင့်ကြောင်း သင်ခန်းစာယူဖွယ် မှုခင်းတစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

ဆေးကုသရာတွင် ဝါသနာထုံပြီး ပါရမီလည်းပါသူ အမစ်ကူးမားသည် ဆရာဝန်လောကတွင် ထင်ပေါ်ကျော်ကြားခဲ့သည်။ သူ၏ ရုပ်ရည်သန့်ပြန့်ချောမောမှုကြောင့် ဘောလိဝုဒ်ရုပ်ရှင်လောကမှ ကားတစ်ကားတွင် ရုပ်ရှင်သရုပ်ဆောင်ဖြစ်ခဲ့သေးသော်လည်း . . .

ဖိလစ်ပိုင်တွင် သူပုန်များအား အစိုးရတပ်ဖွဲ့ထိုးစစ်ဆင် ယင်းတိုက်ပွဲတွင် အရပ်သားကိုးဦးသေဆုံးခဲ့

မနီလာ ဖေဖော်ဝါရီ ၈

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကျွန်းတစ်ကျွန်းရှိ ဝေးလံသီခေါင်သော ကမ်းရိုးတန်း ကျေးရွာတစ်ရွာသို့ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ဝင်ရောက်ထိုးစစ်ဆင်မှုကြောင့် အမျိုးသားသုံးဦးနှင့် ကလေးနှစ်ဦးအပါအဝင် စုစုပေါင်းအရပ်သားကိုးဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ဖေဖော်ဝါရီ ၅ရက်တွင် ပြောကြားခဲ့သည်။

ကယ်တင်ရန်

ယင်းဒေသတွင် အဘူဆေယက်ဖ် ခေါင်းဆောင်သောသူပုန်အဖွဲ့က ဓားစာခံအဖြစ် ဖမ်းဆီးထားသူများကို ကယ်တင်ရန် ဖိလစ်ပိုင်ရေတပ်က ဝင်ရောက်စီးနင်းစဉ်အတွင်း အရပ်သားများသေဆုံးခဲ့ရကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

အထိမ်းအမှတ်

ဤကဲ့သို့ သူရဲဘောကြောင်သည့်လုပ်ရပ်ကို မိမိတို့အနေဖြင့် ရှုတ်ချကြောင်း၊ ယင်းသို့သေဆုံးသူများကို လွမ်းဆွတ်သည့် အထိမ်းအမှတ်ဖြင့် အလံကိုတိုင်ဝက်လျှော့ချမည်ဖြစ်ကြောင်း အခင်းဖြစ်ပွားရာ ဂျိုလိုကျွန်းအုပ်ချုပ်ရေးမှူး အယ်ဘူဆာကာတန်က ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဘဂ္ဂဒက်မြောက်ဘက်တွင် ကန်တပ်ဖွဲ့ဝင်များက လူသုံးဦးကိုသတ်ဖြတ်ခဲ့

တီကရစ်(အီရတ်) ဖေဖော်ဝါရီ ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက် ဆာလာဟူဒင်ပြည်နယ်ရှိ မြို့တစ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက မိသားစုတစ်စုမှ လူသုံးဦးကို သတ်ဖြတ်ခဲ့ပြီး တစ်ဦးကို ဒဏ်ရာရစေခဲ့ကြောင်း အမေရိကန်နှင့် အီရတ်ဆက်ဆံရေးဌာန သတင်းရပ်ကွက်က ဖေဖော်ဝါရီ ၅ရက်တွင် ပြောကြားသည်။

ဖြစ်ပွား

အဆိုပါ ဖြစ်ရပ်သည် ယင်းပြည်နယ်၏ မြို့တော် တီကရစ်မြို့၏ မြောက်ဘက် ကီလိုမီတာ ၃၀အကွာရှိ အယ်လ်ဒိုမြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ဖက်စပ် ပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာန (ဂျေစီစီ)မှ သတင်းရပ်ကွက်တစ်ခုက ဆင်ဟွာသို့ ပြောကြားသည်။

သတင်းပေး

အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အလုပ်လုပ်နေသောဘာသာပြန်တစ်ဦးက အခင်းဖြစ်ပွားရာ ယင်းမြို့ရှိ ဂျေစီစီဌာနခွဲသို့ သတင်းပေးခဲ့ခြင်းဖြစ်ပြီး ယင်းမြို့ အနီးဝန်းကျင်ဒေသတစ်ခုရှိ အိမ်တစ်အိမ်မှ အလောင်းနှစ်လောင်းကို သယ်ဆောင်ပေးရန် ၎င်းတို့ကို စေခိုင်းခဲ့ကြောင်း ယင်းသတင်းရပ်ကွက်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံတကာသတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

ကာဇက်စတန်နိုင်ငံ အာကာသလွှတ်တင်ရေးစခန်း၌ မကြာမီလွှတ်တင်မည့် ဆက်သွယ်ရေးဂြိုဟ်တုအား သယ်ယူလာသည်ကို ဖေဖော်ဝါရီ ၇ရက်က တွေ့ရစဉ်။

အက်ဒရီယေးတစ်ပင်လယ်အတွင်း မီးလောင်နေသော တူရကီရေနံတင်သင်္ဘောကို ဖေဖော်ဝါရီ ၆ရက်က မီးငြိမ်းသတ်နေစဉ်။

တရုတ်တွင် ဆီးနှင်းမုန်တိုင်းများ ကျရောက်ခဲ့သည့်ကာလ အသက်စွန့်ကူညီခဲ့သူများကို ဆုများချီးမြှင့်

ပေကျင်း ဖေဖော်ရီ ၈

တရုတ်နိုင်ငံတွင် မကြာသေးမီကာလက ရာသီဥတု ဆိုးရွားမှုကြောင့် ဖြစ်ပွားခဲ့သော အခက်အခဲများကို ကူညီဖြေရှင်းရာတွင် သေဆုံးခဲ့သော အလုပ်သမား ခြောက်ဦးကို ဗဟိုလုပ်ငန်း စံပြအလုပ်သမားများဘွဲ့ကို ချီးမြှင့်ခဲ့သည်။ မကြုံစဖူးထူးကဲသော ပြင်းထန်စွာကျသည့် ဆီးနှင်း၊ ရေခဲနှင့် အအေးဓာတ်များ အလယ်တွင် အသက်ကို ပဓာနမထား စွန့်လွှတ်ခဲ့သော အလုပ်သမား ခြောက်ဦးကို ဂုဏ်ပြုရန် လူမှုဝန်ထမ်းဝန်ကြီးဌာန (အမ်အိုပီ)နှင့် အစိုးရပိုင် ထူးချွန်ဆုချီးမြှင့်ရေး ကြီးကြပ်ရေးနှင့် စီမံခန့်ခွဲရေးကော်မရှင်(အက်စ်အေအက်စ်အေစီ)တို့ ဖေဖော်ဝါရီ ၄ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ဆုချီးမြှင့်ခံရသော ခြောက်ဦးမှာ အစိုးရကွန်ရက်ဌာန၏ ဟူနန်ကုမ္ပဏီမှ ကာအိုဆီအမ်လင်း၊ ဆီယာ အိုဂျီ အမ်ဟွာ၊ လူအို ဟိုင်ဝင်၊ လူအို ချမ်းမင်း၊ ကျိုးဂျင်ဟွာနှင့် တောင်ကွန်ရက်ဌာန၏ ဂွမ်ဒေါင်းကုမ္ပဏီတွင် အလုပ်လုပ်နေသော လီယူဟွန်ဆန်တို့ ဖြစ်ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရုရှားသင်္ဘောသားများနှင့် ဗြိတိသျှကပ္ပတိန် ပင်လယ်ဓားပြများကဖမ်းဆီး

မော်စကို ဖေဖော်ဝါရီ ၈

အာဖရိက ဦးချိုဒေသမှ ထွက်ခွာလာသော သင်္ဘောတစ်စင်းမှ ရုရှားသင်္ဘောသားများနှင့် ဗြိတိန်နိုင်ငံသား သင်္ဘောကပ္ပတိန်တစ်ဦးကို ဆိုမာလီယာနိုင်ငံမှ ပင်လယ်ဓားပြများက ဖမ်းဆီးခဲ့ကြောင်း သင်္ဘောပိုင်ရှင်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၄ရက်တွင် ပြောကြားခဲ့သည်။

အဖမ်းခံ

အဆိုပါ စဗစ်ဇာကော်ဆာကို့ဗ်အမည်ရှိ ကုန်တင်သင်္ဘောပေါ်တွင် ရုရှားသင်္ဘောသားလေးဦး၊ အိုင်းရစ်အင်ဂျင်နီယာချုပ် တစ်ဦးနှင့် ဗြိတိန်နိုင်ငံသား ကပ္ပတိန်တစ်ဦးတို့ပါဝင်ကြပြီး ၎င်းတို့သည် ဖေဖော်ဝါရီ၁ရက်က ရုရှားနိုင်ငံရှိရာ ပစိဖိတ်ကမ်းရိုးတန်းသို့ ဦးတည်ခုတ်မောင်းနေစဉ် ထိုသို့ အဖမ်းခံခဲ့ရခြင်း ဖြစ်သည်။

ပြောကြား

မိမိတို့သည် သင်္ဘော၏ အကြီးအမှူးနှင့် အဆက်အသွယ်ရခဲ့ကြောင်း၊ နောက်ပိုင်းတွင် ပင်လယ်ဓားပြများနှင့်လည်း အဆက်အသွယ်ရခဲ့ကြောင်း သင်္ဘောကိုပိုင်ဆိုင်သော ဒိန်းမတ်ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ စဗစ်ဇာက ပြောကြားခဲ့သည်။

၎င်းသင်္ဘောသားများသည် အသက်အန္တရာယ်မစိုးရိမ်ရဘဲ အစာရေစာလည်းရရှိပြီး အိပ်လည်းအိပ်ရကြောင်း၊ စိတ်ဓာတ်ထိခိုက်မှုလည်းမရှိကြောင်း လန်ဒန်ရှိ ယင်းကုမ္ပဏီက ရိုက်တာသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **ရုရှားနိုင်ငံ မော်စကိုမြို့လယ်ရှိ လေးထပ်အဆောက်အအုံတစ်ခု ဖေဖော်ဝါရီ ၇ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ နှစ်ဦးဒဏ်ရာရရှိပြီး အဆောက်အအုံလည်း ပျက်စီးခဲ့သည်။**
- အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ဖေဖော်ဝါရီ ၈ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီး လမ်းဘေးထိုးကျခဲ့ရာ ၂၉ဦးပွဲချင်းပြီး သေဆုံးကာ ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။
- **တရုတ်နိုင်ငံ ပင်ရှုခရိုင်ရှိ မီးရှူးမီးပန်းစက်ရုံတစ်ခု၌ ဖေဖော်ဝါရီ ၇ရက်က မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ၇၅ဦးဒဏ်ရာ ရရှိခဲ့သည်။**
- အင်ဒိုနီးရှားနိုင်ငံ စင်ဒန်ဝမ်ဂီကျေးရွာ၌ ဖေဖော်ဝါရီ၈ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး အိမ်သုံးလုံး ပျက်စီးသွားသည်။
- **ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်းမြောက်ပိုင်း ရှီမူကာပူကျေးရွာ၌ ဖေဖော်ဝါရီ ၇ရက်က ရေခဲများဖြင့် ပြုလုပ်ထားသော မင်္ဂလာခန်းမအတွင်း ဂျပန် မောင်မယ်နှစ်ဦးက ထူးထူးခြားခြားလက်ထပ်ပွဲ ဆင်နွှဲခဲ့သည်။**
- အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ်၌ ဖေဖော်ဝါရီ၈ရက်က ရစ်ချ်တာစကေး ၆ရှိသော မြေငလျင်တစ်ခု လှုပ်ခဲ့ရာ ဆူလာဝေစီပြည်နယ် မင်နာဟာဆာအရပ်၌ အဆောက်အအုံအချို့ ပျက်စီးခဲ့သည်။
- **ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့မြောက်ပိုင်း၌ ဖေဖော်ဝါရီ ၈ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။**

- အမေရိကန် ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဖေဖော်ဝါရီ ၇ရက်က အတ္တလန္တိတ် အာကာသယာဉ်ကို နိုင်ငံတကာအာကာသယာဉ်စခန်းသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။ **(အပေါ်ပုံ)**

မိုဇမ်ဘစ် သမ္မတနိုင်ငံ

သတင်းအက်ဆေး
တိုး-ရေးသားသည်

လူဦးရေ ၁၉ သန်းကျော် နေထိုင်သည့်အဓိက ပင်လယ် အစားအစာနှင့် ဝါဂွမ်းတို့ တင်ပို့သော အာဖရိကရှိ မိုဇမ်ဘစ် သမ္မတနိုင်ငံ၏ တည်နေရာပြ မြေပုံ။
(အင်တာနက်-ဓာတ်ပုံ)

သတ္တုတူးဖော်ရေးလုပ်ငန်း

မိုဇမ်ဘစ်နိုင်ငံမှာ ကိုလိုနီအုပ်စိုးမှု ထမ်းပိုးအောက်၌ ကြာရှည်မှု၊ ပြည်တွင်းစစ်နှင့် ငတ်မွတ်ခေါင်းပါးမှုကပ်တို့ကြောင့် ချူးချူးကျာဘဝ ရောက်ခဲ့ရသည်။ သို့သော် ၁၆နှစ်ကြာ ပြည်တွင်းစစ်အဆုံးသတ်စေသည့် ငြိမ်းချမ်းရေး သဘောတူညီမှုရကတည်းက မိုဇမ်ဘစ်နိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အားကောင်းကောင်းဖြင့် ဆွဲဆောင်နိုင်သည့်နိုင်ငံဖြစ်အောင် ကြီးမားသော ခြေလှမ်းများလှမ်းနိုင်သည်။

(၃)ရာစုနှစ်က သံခေတ်ဘန်တူ စကားပြောလူမျိုးစုများက အနောက်အလယ်ပိုင်း အာဖရိကမှ ဤဒေသသို့ ဝင်ရောက်လာကြသည်။ ၁၁ရာစုတွင် လင်ပိုပိုမြစ်နှင့် ဇမ်ဘီဇီမြစ်နှစ်သွယ် အတွင်းဒေသ၌ ရှိုနာအင်ပါယာ ထွန်းကားခဲ့သည်။ ၁၄၉၈ခုနှစ်တွင် ဗတ်စကိုဒကားမား ဦးဆောင်သည့် ပေါ်တူဂီ နယ်ပယ်သစ် ရှာဖွေသူတစ်စုတို့ မိုဇမ်ဘစ်ကမ်းလွန်တွင် သင်္ဘော ကျောက်ချရပ်နားသည်။ ၁၆-၁၇ ရာစုအရောက်တွင် မိုဇမ်ဘစ်ကို စစ်တပ်နှင့်ဝင်ရောက်ပြီး ကူးသန်း ရောင်းဝယ်ရေးနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းများ ထူထောင်သည့်ပြင် ဥရောပအခြေချသူများအား မြေများ စိတ်ပိုင်းပေးသည်။

မှောင်ခိုကျွန်း ရောင်းဝယ်မှု

၁၈-၁၉ရာစုနှစ်များအတွင်းတွင် မိုဇမ်ဘစ်နိုင်ငံမှာ အဓိကကျွန်းသစ်ရောင်းဝယ်ရာ ဌာနဖြစ်လာသည်။ ၁၈၄၂ခုနှစ်တွင် မိုဇမ်ဘစ်မှ ကျွန်းအရောင်းအဝယ်ကိစ္စ တရားမဝင်ကြောင်း ပေါ်တူဂီနိုင်ငံက ကြေညာသည်။ သို့သော် မှောင်ခိုကျွန်း ရောင်းဝယ်မှုကို ဆယ်စုနှစ်များကြာ ဆက်လက်လုပ်ကိုင်သေးသည်။ ၁၈၇၈ခုနှစ်တွင် အရောင်းအဝယ်ကုမ္ပဏီများကို ပေါ်တူဂီနိုင်ငံက မြေများငှားရမ်းသည်။ ကုမ္ပဏီများက အာဖရိကလူမည်းများ၏ လုပ်အားကို အသုံးချသည်။ ၁၈၉၁ခုနှစ်တွင် ပေါ်တူဂီနှင့် ဗြိတိန်တို့က မိုဇမ်ဘစ်အနောက်ပိုင်းနှင့် တောင်ပိုင်းနယ်စပ်များကို သတ်မှတ်ပေးသည်။ ၁၉၀၂ခုနှစ်တွင် လိုရင်ကိုမားကတ်မှာ ကိုလိုနီမြို့တော်ဖြစ်လာသည်။ ၁၉၇၅ခုနှစ် လွတ်လပ်ရေးရပြီး နောက်တစ်နှစ် ၁၉၇၆ ခုနှစ်တွင်မှ မြို့တော်လိုရင်ကိုမားကတ်ကို မာပူတိုမြို့တော်ဟု အမည်ပြောင်းလိုက်သည်။

အက်ဒွါဒိုမန်းဒလိန်း ဦးဆောင်သည့် မိုဇမ်ဘစ်လွတ်မြောက်ရေးတပ်ဦး (ဖရီလီမို)က ၁၉၆၄ခုနှစ်တွင် လွတ်လပ်ရေးတိုက်ပွဲကို စတင်ဆင်နွှဲသည်။ ၁၉၇၄ခုနှစ်တွင် ပေါ်တူဂီ၌ စစ်ဘက်က အာဏာသိမ်းသည်။ ပေါ်တူဂီအစိုးရသစ်က ကိုလိုနီများ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထောက်ခံသည်။ မိုဇမ်ဘစ်မှ ပေါ်တူဂီ အခြေချနေထိုင်သူ အများအပြား အပြီးစွန့်ခွာသွားကြသည်။

၁၉၇၄ခုနှစ်တွင် ပေါ်တူဂီနှင့်မိုဇမ်ဘစ်မှ ဖရီလီမိုတို့ လူဆာကာ စာချုပ်ကို ချုပ်ဆိုပြီး မိုဇမ်ဘစ်တွင် ကြားဖြတ်အစိုးရဖွဲ့သည်။ ၁၉၇၅ခုနှစ်တွင် မိုဇမ်ဘစ်နိုင်ငံ လွတ်လပ်ရေးရသည်နှင့်တစ်ပြိုင်နက် ဖရီလီမိုပါတီက တစ်ပါတီစနစ်ဖြင့် အုပ်ချုပ်ပြီး ခေါင်းဆောင် ဆာမိုအာမက်ချဲသည် မိုဇမ်ဘစ်သမ္မတ ဖြစ်လာသည်။ ၁၉၇၇ခုနှစ်တွင် ဖရီလီမိုပါတီက မာ့က်စ်လီနင်အယူဝါဒကို ချမှတ်သည်။

အတိုက်အခံအုပ်စု

ဖရီလီမိုနှင့် လူဖြူအုပ်စိုးသည့် ရိုဒီးရှား(ယခုဇင်ဘာဘွေ)နိုင်ငံတို့ ပဋိပက္ခဖြစ်ပြီး မိုဇမ်ဘစ်နိုင်ငံက ရိုဒီးရှားနိုင်ငံအား စီးပွားရေး ပိတ်ပင်သောအခါ ရိုဒီးရှား လူဖြူအရာရှိများက မိုဇမ်ဘစ်နိုင်ငံအတွင်းတွင် ဖရီလီမိုပါတီကို ဆန့်ကျင်သည့် အင်အားစုအဖြစ် ရီနာမိုအတိုက်အခံအုပ်စုကို ထူထောင်ပေးသည်။ ၁၉၈၀ပြည့်နှစ်တွင် ရိုဒီးရှားအစိုးရပြုတ်ကျပြီးနောက် ရီနာမိုအုပ်စုကို ထိုစဉ်က လူဖြူအုပ်စိုးသည့် တောင်အာဖရိကအစိုးရက ထောက်ခံအားပေးသည်။

၁၉၈၆ခုနှစ်တွင် သမ္မတမက်ချဲမှာ လေယာဉ်ပျက်ကျ ကွယ်လွန်သည်။ မစ္စတာရှစ်စာနိုး သမ္မတဖြစ်လာသည်။ ၁၉၈၉ခုနှစ်တွင် ဖရီလီမိုပါတီက မာ့က်စ်လီနင်ဝါဒကို စွန့်လွှတ်လိုက်သည်။ ၁၉၉၀ပြည့်နှစ်တွင် ပါတီစုံနိုင်ငံရေးစနစ်ကျင့်သုံးသည်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာရ ဖရီလီမိုပါတီမှ အာမန်ဒိုဂွိဘူဇာသည် သမ္မတရှစ်စာနိုးထံမှ ရာထူးဆက်ခံသည်။

မိုဇမ်ဘစ်နိုင်ငံ လွတ်လပ်ရေးရပြီးနောက် လူဖြူအုပ်စိုးသည့် ရိုဒီးရှား (ယခု ဇင်ဘာဘွေ)နိုင်ငံနှင့် တောင်အာဖရိကနိုင်ငံ ဆန့်ကျင်ရေးတွင် ဖရီလီမိုပါတီ ပါဝင်ခဲ့ရသည်။

တည်ငြိမ်မှုမရှိ

ရိုဒီးရှားလွတ်မြောက်ရေးကို ဆင်နွှဲသည့် အမျိုးသားရေးဝါဒီ ပြောက်ကျားများအား မိုဇမ်ဘစ်အစိုးရက ထောက်ခံမှုကို တန်ပြန်ရန် မိုဇမ်ဘစ်နိုင်ငံ၌ သူပုန်လှုပ်ရှားမှုအဖွဲ့ဖြစ်သော ရီနာမိုအား ရိုဒီးရှားလူဖြူအစိုးရက ထူထောင်ပေးသည်။ ရိုဒီးရှား၌ ယခုဇင်ဘာဘွေသမ္မတမူဂါဘီ ဦးဆောင်သည့် တိုင်းရင်းသားပြောက်ကျားများက အောင်ပွဲခံလိုက်သောအခါ ရီနာမိုကို တောင်အာဖရိကလူဖြူအစိုးရက ဆက်လက်ကြိုးကိုင်သည်။ ရည်ရွယ်ချက်မှာ မိုဇမ်ဘစ်ရှိ တောင်အာဖရိကဆန့်ကျင်ရေးအင်အားစုများအား မောင်းထုတ်ရန်နှင့် လူမည်းအုပ်ချုပ်သည့် မိုဇမ်ဘစ်နိုင်ငံမှာ တည်ငြိမ်မှုမရှိကြောင်း ကမ္ဘာကို ပြသလိုခြင်းပင်ဖြစ်သည်။

၁၉၇၇ခုနှစ်နှင့် ၁၉၉၂ခုနှစ်များအကြား ပြည်တွင်းစစ်ကြောင့် စီးပွားရေးပျက်ပြီး ပြည်သူများစွာ အတိဒုက္ခရောက်ခဲ့ကြရသည်။ မြေမြှုပ်မိုင်းများကြောင့် ပြည်တွင်းစစ်ပြီးဆုံးသော်လည်း ခြေပြတ်လက်ပြတ်များဘဝ ရောက်ရသူများမှာလည်း မနည်းပေ။ ထို့အပြင် မိုးခေါင်မှု၊ ရေလွှမ်းမိုးမှု စသော သဘာဝဘေးများကလည်း ကြုံရတတ်သည်။

ပြည်ပပို့ကုန်

လူဦးရေ ၁၉ သန်းကျော်နေထိုင်သည့် မိုဇမ်ဘစ်နိုင်ငံ၏ အဓိကပြည်ပပို့ကုန်များမှာ ပင်လယ်ထွက်အစားအစာများနှင့် ဝါဂွမ်းတို့ဖြစ်သည်။ ယခုအခါ အေးချမ်းနေပြီဖြစ်၍ နိုင်ငံခြားမှရင်းနှီးမြှုပ်နှံမှုများ ဝင်လာမစဲ တဖွဲဖွဲအခြေသို့ ဆိုက်လာပြီဖြစ်သည်။ ॥

ကိုးကား-အင်တာနက်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၈-၂-၂၀၀၈

အေယူအစည်းအဝေး မဒါဂါစကာ၌ကျင်းပမည်

(၁၁)ကြိမ်မြောက် အာဖရိကသမဂ္ဂ(အေယူ)ထိပ်သီးအစည်းအဝေးကို အာဖရိကရှိ မဒါဂါစကာကျွန်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း အေယူအရာရှိများက ပြောကြားသည်။

(၁၁)ကြိမ်မြောက် အာဖရိကသမဂ္ဂထိပ်သီးအစည်းအဝေးကို လာမည့် ၂၀၀၉ ခုနှစ် ဇူလိုင်လ၌ကျင်းပရန် စီစဉ်ထားကြောင်း အေယူအရာရှိများက ပြောကြားသည်။

အာဖဂန်-ပါကစ္စတန်နယ်စပ်၌ တိုက်ခိုက်မှုဖြစ်ပွား

အာဖဂန်နစ္စတန်နယ်စပ်၌ တာလီဘန်လက်နက်ကိုင်များနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များတိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

အဆိုပါနယ်စပ်၌ တာလီဘန်တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်မှုကြောင့် ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

တမီးလ်ကျားသူပုန်များကို အရှိန်မြှင့်တိုက်ခိုက်

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း၌ အစိုးရတပ်ဖွဲ့ဝင်များနှင့် တမီးလ်ကျားသူပုန်တို့ တိုက်ပွဲဖြစ်ပွားရာ တမီးလ်ကျားသူပုန် ၃၀ ခန့် သေဆုံးခဲ့သည်။

အဆိုပါတိုက်ပွဲ၌ သီရိလင်္ကာအစိုးရတပ်ဖွဲ့ဝင်များလည်း ဒဏ်ရာရရှိခဲ့သည်။ ယခုနှစ်၌ တမီးလ်ကျားသူပုန်တို့ကို အင်အားချည့်နဲ့သွားအောင် တိုက်ခိုက်သွားမည်ဟု သီရိလင်္ကာအရာရှိများက ပြောကြားသည်။

ဖိလစ်ပိုင်၌ တုပ်ကွေးဖြစ်သူများပြား

ဖိလစ်ပိုင်နိုင်ငံတွင် တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေ များပြားလျက်ရှိကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

ယခုနှစ်ဇန်နဝါရီလက ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၈၃၀ ရှိခဲ့ရာ ပြီးခဲ့သည့်နှစ် အလားတူ ကာလထက် ၁၈ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ထို့အတူ တုပ်ကွေးရောဂါကြောင့် သေဆုံးသူဦးရေလည်း ပိုများခဲ့ရာ ယခုနှစ် ဇန်နဝါရီလက ၁၈ဦးသေဆုံးခဲ့ပြီးဖြစ်သည်။

အီရန်၏ နျူကလီးယားအစီအစဉ် ရုရှားကူညီမည်

အီရန်၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက် အသုံးပြုမည်ဟု ယုံကြည်သဖြင့် မိမိတို့ ဘူရှဲနျူကလီးယား ဓာတ်အားပေးစက်ရုံအတွက် ကူညီမှုများ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ပြောကြားသည်။

အိန္ဒိယနှင့်အာဖရိက စိုက်ပျိုးရေးပူးပေါင်းမည်

လယ်ယာစိုက်ပျိုးရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို အိန္ဒိယ၊ တောင်အာဖရိကနှင့်ဇမ်ဘီယာနိုင်ငံတို့ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

သုံးနိုင်ငံတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပါအဝင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

ဂရိနှင့်ဆီးရီးယား သိပ္ပံနှင့်နည်းပညာ၌ ပူးတွဲလုပ်ကိုင်မည်

စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာနယ်ပယ်များ၌ ဆီးရီးယားနှင့် ဂရိတို့ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးလိုက်ကြသည်။

ထို့အပြင် နှစ်နိုင်ငံတို့သည် စွမ်းအင်ကဏ္ဍပူးပေါင်းလုပ်ကိုင်ရန်လည်း သဘောတူထားကြောင်း၊ ရေနံပိုက်လိုင်းသွယ်တန်းခြင်း၊ ဓာတ်ငွေ့ရှာဖွေတူးဖော်ခြင်းလုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားကြမည်ဖြစ်သည်။

ဂါဇာကမ်းမြောင်အား လျှပ်စစ်ဖြတ်တောက်မည်

အစ္စရေးတို့အနေဖြင့် ဂါဇာကမ်းမြောင်ဒေသအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို မကြာမီရပ်ဆိုင်းဖွယ်ရှိကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

ပါလက်စတိုင်းလက်နက်ကိုင်များက အစ္စရေးနိုင်ငံအတွင်း ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်နေမှုကြောင့် ဓာတ်အားလျှော့ချဖြတ်တောက်ရန် အစ္စရေးအရာရှိများက တိုက်တွန်းလျက်ရှိသည်။

ဘဝဒဿနအမြင်

- ***They can conquer who believe they can.***
အောင်စိတ်ရှိသူများသာ အောင်မြင်နိုင်သည်။
ဗီရ်ဂီလ်(အီတလီကဗျာဆရာ)

- ***Doubt is not a pleasant condition, but certainty is absurd.***
သံသယဟူသည် နှစ်လိုဖွယ်မဟုတ်။ သို့သော်လည်း သေချာသည်မှာ ဖြစ်နိုင်ခြေ နည်းခြင်းပင်။ ဗော်လ်တဲယား(ပြင်သစ်စာရေးဆရာ)

ဘဝ အမောပြေ

တယောလေး ထိုးသွားပါရစေ....

ရောဂါဝေဒနာ ပြင်းထန်သဖြင့် အရေးပေါ်ခွဲစိတ်ရမည့်လူနာတစ်ဦးက ခွဲစိတ်မှုမပြုလုပ်မီ ဆရာဝန်တစ်ဦးအား အောက်ပါအတိုင်း အကူအညီတောင်းလေသည်။

လူနာ - **ဒေါက်တာ-တစ်ခုလောက် ကျွန်တော့်ကိုကူညီနိုင်မလား။**
ဒေါက်တာ - **ဟုတ်ကဲ့-ပြောပါ၊ ကူညီပါ့မယ်။**
လူနာ - **ကျွန်တော့်ကို ခွဲစိတ်မှာ ဒေါက်တာလား။**
ဒေါက်တာ - **ဟုတ်ပါတယ်။**
လူနာ - **ဒါဆို ဒေါက်တာရယ်-မခွဲစိတ်ခင်မှာ ကျွန်တော် တယောလေး ထိုးချင်ပါတယ်။**
ဒေါက်တာ - **ဘာဖြစ်လို့လဲဗျာ။**
လူနာ - **ဩော်- ခွဲစိတ်ပြီးရင် ကျွန်တော် တယောထိုးနိုင်တော့မှာ မဟုတ်လို့ပါ။**

အိုဘားမားက ၁၃ပြည်နယ်မှ ကိုယ်စားလှယ် ၇၅၇ဦး ရရှိ ဟီလာရီက ရှစ်ပြည်နယ်မှ ကိုယ်စားလှယ် ၇၈၂ ဦး ရရှိနေ



ဝါရှင်တန် ဖေဖော်ဝါရီ ၈

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်နှင့် အိုဘားမား **(ယာပုံ)**တို့နှစ်ဦးသည် စူပါအင်္ဂါနေ့ပြည်နယ် ၂၄ခု တစ်ပြိုင်နက်ကျင်းပသည့် အကြိုရွေးကောက်ပွဲတွင် တစ်ဦးနှင့်တစ်ဦး သိုးကာသီကာ ကိုယ်စားလှယ်လောင်းများ ရရှိပြီးနောက် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းနေရာအတွက် အပြိုင်အဆိုင် မဲဆွယ်စည်းရုံးလျက်ရှိသည်။

အားရကျေနပ်

ပြည်နယ်ကြီး သုံးလေးခုတွင် သူအနိုင်ရအောင်ပွဲခံပြီးနောက် သူ၏ မဲဆွယ်စည်းရုံးမှုမှာ အပြည့်အဝ အရှိန်မြင့်လာကြောင်း၊ စူပါအင်္ဂါနေ့က နယူးယောက်နှင့် ကယ်လီဖိုးနီးယားပြည်နယ်များအပါအဝင် ပြည်နယ်ရှစ်ခု၌ သူအနိုင်ရလိုက်ခြင်းကို များစွာအားရကျေနပ်ကြောင်း ဟီလာရီကလင်တန်က ပြောကြားသည်။

ပြောကြား

ဟီလာရီကလင်တန်၏ ပြိုင်ဘက်အိုဘားမားကလည်း သူအနိုင်ရရန် နောက်ထပ်အကြိုရွေးကောက်ပွဲ အများအပြားကျန်သေးကြောင်း၊ ယခုအခါလွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ထက် အရေးနိမ့်မည့် အလားအလာပိုနည်းလာကြောင်း ပြောကြားလိုက်သည်။ သူ့အနေဖြင့် ပြည်နယ်အများအပြား၌ အနိုင်ရကြောင်း ထည့်သွင်းပြောကြားသည်။

တိုက်တွန်း

ရီပတ်ဘလီကင်ပါတီတွင် ယခုအခါ ရှင်းရှင်းလင်းလင်းရှေ့မှ ဦးဆောင်နေသူ ဂျွန်မက်ကိန်းက ပါတီတွင်းစည်းလုံးညီညွတ်ကြရန် တိုက်တွန်းနှိုးဆော်လိုက်သည်။

မတိမ်းမယိမ်း

ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက်နှစ်ဦးဖြစ်သူ အိုဘားမားနှင့် ဟီလာရီကလင်တန်တို့နှစ်ဦးမှာ ကိုယ်စားလှယ်ရရှိမှု မတိမ်းမယိမ်း ရှိသည်။ ဟီလာရီက ပြည်နယ်ရှစ်ခုမှ ကိုယ်စားလှယ် ၇၈၂ဦး ရရှိပြီး အိုဘားမားက ပြည်နယ် ၁၃ခုမှ ကိုယ်စားလှယ် ၇၅၇ဦး ရရှိသည်။

အလှမ်းကွာဝေး

နှစ်ဦးစလုံးမှာ ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းဖြစ်ရေး စုစုပေါင်း ကိုယ်စားလှယ် ၂၀၂၅ဦးရရှိရန် များစွာ အလှမ်းကွာဝေးဆဲဖြစ်၍ ဆက်လက် အပြိုင်မဲဆွယ်ရဦးမည် ဖြစ်သည်။ **(အင်တာနက်)**

ဝန်ကြီးချုပ် မစ္စတာစမတ်၏ ထိုင်းအစိုးရအဖွဲ့ ကျမ်းသစ္စာကျိန်ဆို

ဗန်ကောက် ဖေဖော်ဝါရီ ၈

ထိုင်းနိုင်ငံ၌ လွန်ခဲ့သည့် ၁၆လက စစ်ဘက်ကအာဏာသိမ်းပြီး နောက်ပိုင်း ထိုင်းအစိုးရသစ်သည် ထိုင်းဘုရင် ဘူမိဘောအဒူယာဒက် ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံလိုက်သည်။

ပေးအပ်

ဩဇာရှိသော ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နိုင်ငံခြားရေး ဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနများကို ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်အား သစ္စာရှိကြသည့်အမတ်များလက်သို့ပေးအပ်သည်။

ပူးတွဲရယူ

ထိုင်းဝန်ကြီးချုပ်သစ် စမတ် ဆန်ဒါရာဗက်**(ဝဲပုံ)**က ကာကွယ်ရေး ဝန်ကြီးတာဝန်ကို ပူးတွဲရယူသည်။ မစ္စတာ သက်ဆင်ရှင်နာဝပ်၏ ဥပဒေအကြံပေးအရာရှိ နော့ပါဒွန်ပတ္တာမာက ထိုင်း နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆူရာပုန်က တာဝန်ယူသည်။ သူသည် မစ္စတာ သက်ဆင်၏ ပြောရေးဆိုခွင့်ရှိသူ ဖြစ်ခဲ့သည်။

တာဝန်ယူ

ထိုင်းဝန်ကြီးချုပ်သစ် မစ္စတာ စမတ်သည် ကာကွယ်ရေးဝန်ကြီး တာဝန်ကို ယူလိုက်ခြင်းဖြစ်၍ ထိုင်း ကာကွယ်ရေးဝန်ကြီးအဖြစ် အရပ်သား ထဲမှ တာဝန်ယူသည့် တတိယမြောက် ဝန်ကြီး ဖြစ်သည်။

အခြားအရေးပါသည့် အစိုးရအဖွဲ့ ရာထူးများကို ပီပီပီပါတီဝင်များအား ပေးလိုက်ကြောင်းသိရသည်။ **(အင်တာနက်)**

တရုတ်နှင့် ဩစတြေးလျ ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မည်

ကင်ဘာရာ ဖေဖော်ဝါရီ ၈

တရုတ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ယန်ကျင်ချီနှင့် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး စတန့်ဖင်စမက်တို့သည် ဖေဖော်ဝါရီ ၅ရက်က ကင်ဘာရာ မြို့၌ နှစ်နိုင်ငံကဏ္ဍစုံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

အဆိုပါ သဘောတူညီမှုတွင် ကဏ္ဍစုံ၌ မဟာဗျူဟာကျကျ ဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့သည်။

ပူးပေါင်းဆောင်ရွက်

နှစ်နိုင်ငံအပြန်အလှန် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍငါးရပ်ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ ပထမအဆင့် အနေဖြင့် နိုင်ငံရေးရာ ကိစ္စရပ်များကို အပြန်အလှန် တိုးမြှင့်ဆောင်ရွက်ပြီး အဆင့်မြင့်တင်နိုင်ရေး၊ ဒုတိယကဏ္ဍ၌ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ဆောင်ရန်၊ တတိယ အဆင့်အားဖြင့် မိတ်ဆွေဖက် နိုင်ငံအနေဖြင့် ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍ၌ အပြန်အလှန် တိုးမြှင့်ဆောင်ရွက်ရန်၊ စတုတ္ထအဆင့်၌ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံချောမွေ့စေရေးနှင့် ပဉ္စမအဆင့်တွင် နှစ်နိုင်ငံ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေး စသည့်ကဏ္ဍများ ပါဝင်သည်။

ဖွံ့ဖြိုးတိုးတက်

ယခင်နှစ် စက်တင်ဘာလက ဩစတြေးလျနိုင်ငံသို့ တရုတ်နိုင်ငံသမ္မတဟူကျင်တောင် အလည်အပတ်ရောက်ရှိစဉ် နှစ်နိုင်ငံ ဒေသတွင်း လမ်းပန်းဆက်သွယ်မှု ကဏ္ဍ၌ ဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံချောမွေ့စေရေး တိုးမြှင့် ဆောင်ရွက်ရေးမှာ နိုင်ငံတကာ၌ အရေးကြီးကြောင်း နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု ရုရှားနိုင်ငံ မြှင့်တင်ဆောင်ရွက်မည်

မော်စကို ဖေဖော်ဝါရီ ၈

ရုရှားနိုင်ငံသည် အတွေ့အကြုံ အကြံဉာဏ်များတိုးပွားအောင်ဆောင်ရွက်လျက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်ဟု ရုရှားထိပ်တန်း သံတမန်တစ်ဦးက မော်စကိုမြို့၌ ဖေဖော်ဝါရီ ၄ ရက်က ပြောကြားသည်။

အကျိုးဖြစ်ထွန်း

မော်စကိုမြို့၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဝန်ကြီးများ အဆင့် အစည်းအဝေးကို ကျင်းပနိုင်ခြင်းသည် ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား နယ်ပယ်ကဏ္ဍစုံတွင် အပြန်အလှန် အကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ရုရှားဒုတိယ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒြားလော့စ်ယူကော့ဗ်၏ ပြောကြားချက်ကို အီတာတာ့စ် သတင်းဌာနက ကိုးကားဖော်ပြသည်။

အတည်ပြု

အဆိုပါ အစည်းအဝေးသို့ တက်ရောက်လာသော အဖွဲ့အစည်းအားလုံးက ရုရှား-အာဆီယံ အပြန်အလှန် အကျိုးပြုရေးအစီအစဉ်ကို ဂုဏ်ပြုကြိုဆိုလိုက်ပြီး နယ်ပယ်ကဏ္ဍစုံတွင် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားရန် အတည်ပြု ပြောကြားလိုက်သည်။

ဆွေးနွေး

ယင်းအစည်းအဝေးတွင် ဒေသဆိုင်ရာနှင့် ကမ္ဘာ့အရေးကိစ္စ၊ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကိစ္စ၊ အရှေ့အလယ်ပိုင်း အခြေအနေ၊ အာဆီယံ ပြုပြင်ပြောင်းလဲရေး စသည်တို့ကို ဆွေးနွေးကြသည်ဟု ဆိုသည်။

အဆိုပါ ရုရှား-အာဆီယံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးများ၏ လာမည့် အစည်းအဝေးကို ၂၀၀၉ ခုနှစ်တွင် ဖိလစ်ပိုင်၌ ကျင်းပမည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီး-၁၉၅ လေယာဉ်

ဘရာဇီးနိုင်ငံမှ ကမ္ဘာ့စတုတ္ထ အကြီးဆုံး အမ်ဘရေယာ လေယာဉ် ကုမ္ပဏီမှ ထုတ်လုပ်လိုက်သော အီး-၁၉၅ လေယာဉ် တစ်စင်းကို ဖေဖော်ဝါရီ ၇ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ချင်းပြည်နယ်

မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်း

ချင်းပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖလမ်းမြို့တွင် တည်ဆောက်ပေးထားသည့် မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်း အဆောက်အအုံ။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	[illegible]	ဧက	[illegible]	[illegible]	[illegible]
၂	[illegible]	ခု	-	၃၇	၃၇
၃	[illegible]	[illegible]	၆၀၅	၂၀၃၅	၁၄၃၀
၄	[illegible]	[illegible]	-	[illegible]	[illegible]
၅	ကားလမ်း	မိုင်	၆၉၁	၁၀၉၅	၄၀၄
၆	[illegible]	[illegible]	၂	၅	၃
၇	[illegible]	ခု	၂၆	၄၄	၁၈
၈	[illegible]	ရုံ	၁၁	၂၅	၁၄
၉	[illegible]	ရုံ	၈	၂၆	[illegible]
၁၀	[illegible]	ခု	-	၅	၅
၁၁	[illegible]	[illegible]	၄	၉	၅
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	ခု	-	၁	၁
၁၅	[illegible]	ခု	-	၁	၁
၁၆	[illegible]	ခု	-	၁	၁
၁၇	[illegible]	[illegible]	၁၀	၁၆	၆

(၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

ဟားခါးမြို့ ပြည်သူ့ဆေးရုံ

ချင်းပြည်နယ် တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည့် ဟားခါးမြို့ ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာန။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မံဆောင်းတံတား

ချင်းပြည်နယ် တီးတိန်မြို့နယ် တီးတိန်-ရိဒ်ရေကန်လမ်းပေါ်ရှိ မဏိပူရမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော အရှည် ပေ ၄၆၀ ရှိ မံဆောင်းတံတားသည် တိုင်းရင်းသားပြည်သူများ ကူးသန်းသွားလာရေးကို အထောက်အကူပြုလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

9-2 (07) 1 2/9/08, 2:18 AM

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

အနာဂတ်ရှိသောနိုင်ငံ၊ အခြေခံကောင်းသည့်လူမျိုးနှင့် ချစ်ကြည်မြတ်နိုး သယ်ပိုးအပ်သောတာဝန်

သီဟအောင်

တစ်မျိုးသားလုံး စည်းလုံးညီညွတ်သည့်စွမ်းအား၊ မိမိတို့ရှိသည့် သဘာဝသယံဇာတ အရင်းအမြစ်များနှင့် ယနေ့ တည်ဆောက်နေသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပေါင်းစပ်လိုက်လျှင် မိမိတို့နိုင်ငံသည် အနာဂတ်ရှိသောနိုင်ငံ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

မျိုးချစ်စိတ်ဓာတ်သည် နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိစေပြီး ပြည်ထောင်စုစိတ်ဓာတ်သည် ချစ်ကြည်စည်းလုံးညီညွတ်ရေးကို ဖြစ်စေသည်။ မိမိတို့နိုင်ငံအတွက် ဤအရည်အသွေးသည် အခြေခံပင်မအင်အားဖြစ်သည်။ ဤအခြေခံ ပင်မအင်အားသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို တိုးတက်ဖွံ့ဖြိုးစေရန် စွမ်းဆောင်နိုင်သကဲ့သို့ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးအတွက်လည်း အစဉ်စောင့်ထိန်းကာကွယ်နိုင်မည်ဖြစ်သည်။ ဤလုပ်ငန်းတာဝန်သည် နိုင်ငံသားများအတွက် မြင့်မြတ်သည့်တာဝန်ကြီးဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
၁၉-၅-၁၉၉၉ ရက်နေ့တွင် ကျင်းပသော
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း
အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၅)
သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မိန့်ကြားသည့် သြဝါဒစကားမှ

အသီးတစ်ရာ အညာတစ်ခု ဒို့ပြည်ထောင်စု

မြန်မာနိုင်ငံသည် ပထဝီဝင်ဖွဲ့စည်းမှုအရ သဘာဝသယံဇာတ အခြေခံကောင်းများဖြင့် ပြည့်စုံကြွယ်ဝသော နိုင်ငံဖြစ်သည်။ လူ့ယဉ်ကျေးမှု သမိုင်းဖြစ်စဉ်အရလည်း ရိုးရာယဉ်ကျေးမှုအစဉ်အလာ အခြေခံကောင်းများ ထွန်းကားသော နိုင်ငံဖြစ်ပေသည်။

ယနေ့မြန်မာနိုင်ငံသည် စီးပွားရေးအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ဖြစ်နေသေးသည့်တိုင် မြန်မာနိုင်ငံသားများအနေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ဇာတိဥပဓိလက္ခဏာနှင့် လူမှုရေးစံများကို ထိန်းသိမ်းစောင့်ရှောက်မှုတွင် အဆင့်မြင့်မားသည့်နိုင်ငံဖြစ်ကြောင်း ဆန်းစစ်တွေ့ရှိနိုင်သည်။

မြန်မာနိုင်ငံသား၊ မြန်မာအမျိုးသားတို့၏ ထင်ရှားသော ဂုဏ်ပုဒ်များကို လေ့လာလျှင် မြန်မာတို့သည် သတ္တိရှိကြသည်၊ ဖွဲကြီးပြီး စိတ်ရှည်ကြသည်၊ အငြိုးအာဃာတကြီးမားသူများ မဟုတ်ဘဲ သည်းခံခွင့်လွှတ်တတ်ပြီး ကျေအေးလွယ်ကြသည်၊ အမျိုးကိုကာကွယ် စောင့်ရှောက် ထိန်းသိမ်းမြတ်နိုး တန်ဖိုးထားသည့် အမျိုးသားရေး စရိုက်လက္ခဏာ ကောင်းများနှင့် ပြည့်စုံသူများလည်း ဖြစ်ကြသည်။

မြန်မာနိုင်ငံသား၊ မြန်မာအမျိုးသားတို့၏ ဂုဏ်ပုဒ်ကို ဖော်ပြရလျှင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအသီးသီး၏ ကောင်းမြတ်သော အရည်အသွေးများကို စုစည်းဖော်ပြမှ သဘာဝကျမည်ဖြစ်သည်။ သာဓကပြု ဖော်ပြရလျှင် မြန်မာအမျိုးသားတို့၏ ဂုဏ်ပုဒ်ဟူသည်မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားတို့၏ ဖွဲလုံ့လရှိမှု၊ ဖော်ရွေခင်မင်မှု၊ သတ္တိ ဗျတ္တိရှိမှု၊ အစဉ်အလာထိန်းသိမ်းမှု၊ မျိုးနွယ်စောင့်ထိန်းမှု၊ ရိုးသားဖြူစင်မှုနှင့် သွက်လက်ရက်ရောမှု စသည့် အရည်အသွေးများ စုစည်းပေါင်းဆုံနေခြင်းပင် ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်တွင် သဘာဝသယံဇာတများကြွယ်ဝပြီး မြန်မာ တိုင်းရင်းသားတို့၏ အရည်အသွေးများ ထက်မြက်မြင့်မားပါလျက် ကိုလိုနီနယ်ချဲ့တို့၏ ပယောဂကြောင့် လွတ်လပ်ရေးနှင့်အတူ ကပ်ပါလာသည့် သွေးကွဲမှုများ၊ စိတ်ဝမ်းကွဲမှုများ၊ လက်နက်ကိုင် ဆူပူမှုများ ယနေ့ထက်တိုင် အမြစ်မပြတ်ဘဲ ရှိနေဆဲဖြစ်ကြောင်း တွေ့ရှိနိုင်ပေသည်။ ထို့ကြောင့်လည်း နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။

နှစ်ပေါင်းထောင်ချီပြီး ညီညီညွတ်ညွတ် လက်တွဲနေထိုင်ခဲ့ကြပါလျက် ကိုလိုနီနယ်ချဲ့ လက်ဟောင်းလက်သစ်များ၏ ပယောဂကြောင့် သွေးကွဲခဲ့ရသည်ကို သင်ခန်းစာယူပြီး တိုင်းရင်းသားအချင်းချင်း ပြည်ထောင်စု စိတ်ဓာတ် ပြန်လည်ဖြစ်ထွန်းရှင်သန်လာစေရန် တည်ဆောက်ကြရမည်မှာ ယနေ့မြန်မာနိုင်ငံ၏ အဓိကကျသည့် သမိုင်းပေးတာဝန်ဖြစ်သည်။

ထို့အတူ တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသည့် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရေးသည် ယနေ့ မြန်မာနိုင်ငံသားတို့၏ ပဓာနကျသည့် အမျိုးသားရေးတာဝန် ဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့ကြောင့် လက်လွတ်ဆုံးရှုံးခဲ့ရဖူးသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အမျိုးသားခေါင်းဆောင်များနှင့် မျိုးချစ်တိုင်းရင်းသားများက ပြန်လည်ရရှိအောင် စွမ်းဆောင်ပြီး နောင်လာနောက်သား မိမိတို့အား ဘိုးဘွားအမွေအနှစ်အဖြစ် ပေးအပ်ခဲ့ကြသည်။ ယင်းလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မည်သည့်တိုင်းတစ်ပါးကမျှ မည်သည့်နည်းနှင့်မဆို တွန်းလှဲဖြိုခွဲ၍ မရအောင်၊ လုပ်ကိုင်လုပ်ယမ်း၍မရအောင် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းတည့်မတ်နိုင်သည့် အရည်အသွေးများ ယနေ့ နိုင်ငံသားတိုင်းတွင် ကိန်းအောင်းတည်ရှိနေကြရမည် ဖြစ်ပေသည်။

ထို့ကြောင့် တပ်မတော်အစိုးရသည် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို ရယူပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အသက်ဝိညာဉ်သဖွယ်ဖြစ်သည့် အမျိုးသားစည်းလုံး ညီညွတ်ရေးကို အထူးအလေးထားကာ ပိုမိုခိုင်မြဲအောင် လက်တွေ့ ထူထောင် တည်ဆောက်ပေးခဲ့သည်။ မွန်မြတ်ဖြူစင်သည့် စေတနာနှင့် လက်တွေ့ ဆောင်ရွက်မှုများကို နားလည်သိမြင်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့သည် တပ်မတော်နှင့်လက်တွဲပြီး ငြိမ်းချမ်းရေး တည်ဆောက်ခဲ့ကြသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး သည် မည်သည့်ခေတ်၊ မည်သည့်အခါကနှင့်မျှ မတူတော့ဘဲ ကျယ်ပြန့် ခိုင်မာလာသည်။ သိမ်မွေ့နက်ရှိုင်းလာခဲ့သည်။ ယခုအခါ တိုင်းရင်းသား များနေထိုင်ကြသည့် နယ်စပ်ဒေသအားလုံးနီးပါး တည်ငြိမ်အေးချမ်းမှု အရသာနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။

အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကျော်လွှားပြီး ရယူတည်ဆောက် ခဲ့ရသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး အကျိုး ရလဒ်ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆက်လက် ကြိုးပမ်းဖော်ဆောင် သွားကြရဦးမည် ဖြစ်သည်။ ယင်းသို့ ကြိုးပမ်း ဖော်ဆောင်ရာတွင် ပြည်ထောင်စုကြီး၏ အကျိုးစီးပွားကို မြတ်နိုးလိုလားသည့် စိတ်ထားဖြင့် တာဝန်သိသိ၊ သစ္စာရှိရှိ ပူးပေါင်းဆောင်ရွက်ကြရမည်သာ ဖြစ်ပေသည်။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို လက်တွေ့ဖော်ဆောင် ပေးနေသော တပ်မတော်အစိုးရသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက် ရေးကိုလည်း ကြိုးပမ်းတည်ဆောက်ပေးနေကြောင်း တွေ့ရှိရမည် ဖြစ်သည်။ နိုင်ငံ၏ အသက်သွေးကြောသဖွယ်ဖြစ်သည့် စီးပွားရေး အခြေခံအဆောက် အအုံများ၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကျေးလက်နှင့် နယ်စပ်ဒေသမကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး အခြေခံ လိုအပ်ချက်များကို နေ့မအား ညမနား ကြိုးပမ်းဖော်ဆောင်ပေးလျက် ရှိသည်။

ယင်းသည် နိုင်ငံတစ်ဝန်းလုံး ဆူကြံနိမ့်မြင့် ကွာဟချက်များ လျော့နည်းပြီး ပြည်ထောင်စုကြီး ရှင်သန်တောင့်တင်းခိုင်မာရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းပင် ဖြစ်သည်။ ယင်းသို့သော အခြေအနေ တွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်နှင့် မြန်မာနိုင်ငံသားတို့၏ လက်တွေ့ဘဝကို နားလည်စာနာမှုမရှိဘဲ မြန်မာနိုင်ငံကို စိုးမိုးခြယ်လှယ်ပြီး ရုပ်သေးရုပ်သဖွယ် ကြိုးကိုင်အသုံးချနိုင်ရန် ကြိုးပမ်းနေသည့် နိုင်ငံကြီး အချို့က မြန်မာ့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက် နှောင့်ယှက် နေကြောင်း အားလုံးအသိပင် ဖြစ်သည်။

ခိုင်မာပါသည်ဆိုသည့် အချို့သော ပြည်ထောင်စုနိုင်ငံများသည် တိုင်းတစ်ပါး၏ စွက်ဖက်မှုနှင့် ပြည်ပ ပယောဂများကြောင့် မျက်မှောက် ကာလတွင် အချိန်တိုအတွင်း ဖရိုဖရဲ ပြိုကွဲသွားပြီး အသက်အိုးအိမ်များ၊ ယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးဆုံးရှုံးကြရသည်။ သေကျေအနာတရ ဖြစ်ကြရသည်။ လူမှုစီးပွားရေးဘဝ ချွတ်ခြုံကျနေကြရသည်။ ယင်းအဖြစ် အပျက်များကို မြင်တွေ့ကြားသိနေကြပြီဖြစ်ရာ သင်ခန်းစာယူတတ်ပါမှ လွတ်လပ်သောလူမျိုး ဖြစ်ရကျိုးနပ်ပေမည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံ အကျဆုံးသည် ပညာရေးပင်ဖြစ်သည်။ နိုင်ငံနှင့်ချီ၍ တစ်မျိုးသားလုံး ပညာ ရည်မြင့်မားလာမှ အသိဉာဏ်ပွင့်လင်းပြီး အတွေးအခေါ် တိုးတက်လျက် အယူအဆများလည်း မှန်ကန်လာပေမည်။ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက် စေရန်အတွက် ကိုယ်ပိုင်စွမ်းအားဖြင့် စွမ်းဆောင်နိုင်မည် ဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးရေးဖွံ့ဖြိုးသော နိုင်ငံ၊ စက်မှုဖွံ့ဖြိုးသောနိုင်ငံ၊ ဘက်စုံဖွံ့ဖြိုးသောနိုင်ငံ၊ ပညာတတ်နိုင်ငံအဖြစ်သို့ အဆင့်ဆင့် တက်လှမ်း နိုင်ရေးအတွက် ဒေသအလိုက် အသိပညာရှင်၊ အတတ်ပညာရှင်များ များပြားလှုံလောက်စွာ ပေါ်ထွန်းလာနိုင်ရေး အထူးအလေးထား ဆောင်ရွက် လျက်ရှိကြောင်း တွေ့ရှိနိုင်ပေသည်။ ပြည်နယ်နှင့်တိုင်း အသီးသီးတွင် အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုကို အခြေခံပြီး အဆင့်မြင့်ပညာ၊ ကွန်ပျူတာ ပညာ၊ နည်းပညာများကို ဒေသအတွင်းလက်လှမ်းတမီ သင်ယူနိုင်ရေး

အတွက် တက္ကသိုလ်အသီးသီးကို ထူထောင် […]
ပညာရေးကဏ္ဍမှ ဤခြေလှမ်းသစ်သည် နောင် […]
ကြီးကို ကာကွယ်စောင့်ရှောက် တည်ဆော[…]
မျိုးဆက်သစ် လူငယ်အတတ်ပညာရှင်၊ အသိပ[…]
မွေးထုတ်ပေးနိုင်တော့မည် ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံလူဦးရေ ၅၆သန်းကျော်[…]
ရိက္ခာ ဖူလုံရေးအတွက် အဓိကသီးနှံ ဆန်[…]
လူဦးရေ သန်း ၁၀၀ ဖူလုံစွာ စားသုံးနိုင်သည်[…]
လျက်ရှိရာ ယခုအခါ တစ်နှစ်လျှင် စပါးတင်း[…]
နေပြီ ဖြစ်သည်။ အနာဂတ် လူဦးရေ သန်း […]
စိတ်ချရပြီ။ ထို့မျှမက တစ်နှစ်လျှင် စပါးတင်း[…]
အောင် ဆက်လက်စီမံဆောင်ရွက်နေကြောင်း […]

တစ်နှစ်ပတ်လုံး ရေရရှိစိုက်ပျိုးနိုင်ရေးအ[…]
လက်ထက်တွင် ဆည်တမံပေါင်း ၂၀၇ခု၊ မြ[…]
မြေအောက်ရေရရှိရေး ရေတွင်းပေါင်း ၇၅[…]
ဆည်ပေါင်း ၁၀၂၃ခု တည်ဆောက်ပေးထားနိ[…]
ခုနှစ်က ရေသွင်းစိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေ[…]
သာ ရှိခဲ့ရာမှ ယခုအခါ ၈ ဧက ၄ဒသမ ၉ သ[…]
တိုးတက်လာသည်။ သီးနှံစိုက်စွမ်းအားသည် ၁၉[…]
သာရှိခဲ့ရာမှ ယခုအခါ ၁၆၁ ဒသမ ၈ ရာခိုင်နှု[…]

ထို့ကြောင့် မြန်မာနိုင်ငံသည် အရှေ့တော[…]
တင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်လျက်ရှိသ[…]
အနေဖြင့် ယခင် ဧက ငါးသန်းသာရှိရာမှ […]
၄သန်းအထိ တိုးမြှင့်စိုက်ပျိုးနေသည်။ နောင်[…]
စားသုံးဆီ ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်နိုင်[…]
တိုးတက်လာမည့် လူဦးရေကို လုံလောက်ဝလင်[…]
ပြည်တွင်းအင်အား ပြည်တွင်းမှာပင် အခိုင်အ[…]

စက်မှုကဏ္ဍကိုကြည့်လျှင် စက်မှုနိုင်ငံအဖြ[…]
နိုင်ရေးအတွက် စက်မှုဇုန် ၁၈ဇုန် ဖွင့်လှစ်ပြီး ပု[…]
မြင့်မားတိုးတက်အောင် အားပေးကူညီလျက်[…]
နိုင်ငံပိုင် စက်ရုံ ၆၂၄ ရုံနှင့် ပုဂ္ဂလိက စက်ရုံ[…]
ယခုအခါ နိုင်ငံပိုင်စက်ရုံ ၇၉၄ ရုံနှင့် ပုဂ္ဂလိက[…]
အထိ ရှိလာသည်။ စက်မှုကဏ္ဍမှ နှစ်စဉ် ၂၅ရာခို[…]
နိုင်လျက်ရှိပြီး ထုတ်လုပ်မှုပမာဏ ရှစ်ဆအထ[…]

နိုင်ငံတော်တာဝန်ကို သယ်ပိုးထမ်းဆောင်[…]
မြန်မာနိုင်ငံ၏ ခေတ်ပြောင်း၊ စနစ်ပြောင်းတာ[…]
လိုအင်ဆန္ဒနှင့်အညီ ထမ်းဆောင်နေခြင်းပင်ဖြ[…]
သည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်နိုင်ရေးအတ[…]
ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏[…]
ပညာတတ်နိုင်ငံဖြစ်ရေး စသည့်အခြေခံလိုအပ်[…]
(၁၂)ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆေ[…]

ယနေ့အချိန်အခါကဲ့သို့ အသွင်ကူးပြောင်[…]
ရေး၏ အနှစ်သာရမှာ စည်းကမ်းပြည့်ဝပြီး စ[…]
ကျင့်သုံးနိုင်ရေးအတွက် အလေ့အကျင့်ကောင်[…]
ဆောင်ရွက်ရေးပင် ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်[…]
ပါးလွှာသော ခြားနားမှုသာရှိသည့်အတွက် […]
ဒီမိုကရေစီကျင့်စဉ် ဖြစ်ထွန်းလာအောင် ပြ[…]
ပါဝင်ပူးပေါင်းပြီး လိုက်နာကျင့်သုံးသွားကြရ[…]

အဆင့်မီ နိုင်ငံသားဟူသည် ရိုးသားဖြ[…]
အကောင်းမြင်ဖြင့်သာ ကြိုးပမ်းအားထုတ်[…]
ကောင်းကျိုးကို အလေးထားပြီး အကျိုးဆောင်[…]
နီတိ အရည်အချင်းများရှိပြီး လောကနီတိ၊ […]
အမျိုးအနွယ်ကို ကာကွယ်စောင့်ရှောက်သည်[…]
ချက်နှင့်အညီ မိမိတို့အားလုံး အဓိပ္ပာယ်ရှိသော[…]
များ၊ အခြေခံရှိသော နိုင်ငံ့သားကောင်းများ[…]
ကြိုးပမ်းအားထုတ်နေကြရမည် ဖြစ်သည်။

မြန်မာ့လူ့ဘောင် အဖွဲ့အစည်းသည် […]
သာယာမှုကို လိုလားမြတ်နိုးသော လူ့ဘေ[…]

တိုင်းပြည်ကို အမှန်တကယ် ချစ်မြတ်နိုးသူတိုင်း[…] ရင်ပေါင်တန်းစေချင်သည် ဆိုသည့် နိုင်ငံသားတိုင်[…] တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရ[…] အပြောဖြင့်မဟုတ်ဘဲ လက်တွေ့ချစ်ပြနိုင်ရန်အတွက် ကြ[…] ကြရမည် ဖြစ်သည်။

အတွက် တက္ကသိုလ်အသီးသီးကို ထူထောင် ဖွင့်လှစ်ပေးလျက်ရှိသည်။ ပညာရေးကဏ္ဍမှ ဤခြေလှမ်းသစ်သည် နောင် ၁၀နှစ်အတွင်း ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက် တည်ဆောက်နိုင်စွမ်း အံ့မခန်းရှိသည့် မျိုးဆက်သစ် လူငယ်အတတ်ပညာရှင်၊ အသိပညာရှင် အမြောက်အမြားကို မွေးထုတ်ပေးနိုင်တော့မည် ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံလူဦးရေ ၅၆သန်းကျော်ရှိသည်။ ပြည်တွင်း စားနပ်ရိက္ခာ ဖူလုံရေးအတွက် အဓိကသီးနှံ ဆန်ကို နောင်ဖြစ်ပေါ်လာမည့် လူဦးရေ သန်း ၁၀၀ ဖူလုံစွာ စားသုံးနိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ တစ်နှစ်လျှင် စပါးတင်းသန်းပေါင်း ၁၅၀၀ ထွက်ရှိနေပြီ ဖြစ်သည်။ အနာဂတ် လူဦးရေ သန်း ၁၀၀ အတွက် ဆန်ရိက္ခာ စိတ်ချရပြီ။ ထို့ပြင် တစ်နှစ်လျှင် စပါးတင်းသန်းပေါင်း ၂၀၀၀ ထွက်ရှိအောင် ဆက်လက်စီမံဆောင်ရွက်နေကြောင်း တွေ့ရှိနိုင်ပေသည်။

တစ်နှစ်ပတ်လုံး ရေရရှိစိုက်ပျိုးနိုင်ရေးအတွက် တပ်မတော်အစိုးရလက်ထက်တွင် ဆည်တမံပေါင်း ၂၀၇ခု၊ မြစ်ရေတင်စီမံကိန်း ၃၀၅ခု၊ မြေအောက်ရေရရှိရေး ရေတွင်းပေါင်း ၇၅၆၉ တွင်း၊ ကျေးလက်ဆည်ပေါင်း ၁၀၂၃ခု တည်ဆောက်ပေးထားနိုင်ခဲ့ပြီး ဖြစ်သည်။ ၁၉၈၈ ခုနှစ်က ရေသွင်းစိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေဧက ၁ဒသမ ၃၃၆ သန်းသာ ရှိခဲ့ရာမှ ယခုအခါ ဧက ၄ဒသမ ၉ သန်းအထိ စိုက်ပျိုးမြေများ တိုးတက်လာသည်။ သီးနှံစိုက်စွမ်းအားသည် ၁၉၈၈ခုနှစ်က ၁၂၁ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါ ၁၆၁ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ပဲအများဆုံး တင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်လျက်ရှိသည်။ ဆီထွက်သီးနှံ စိုက်ဧကအနေဖြင့် ယခင် ဧက ငါးသန်းသာရှိရာမှ ယခုအခါ ဧက ၇ဒသမ ၄သန်းအထိ တိုးမြှင့်စိုက်ပျိုးနေသည်။ နောင်လာမည့် လေးနှစ်အတွင်း စားသုံးဆီ ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်နိုင်တော့မည်ဖြစ်ရာ နှစ်စဉ် တိုးတက်လာမည့် လူဦးရေကို လုံလောက်ဝလင်စွာကျွေးမွေးနိုင်ရန်အတွက် ပြည်တွင်းအင်အား ပြည်တွင်းမှာပင် အခိုင်အမာ အရန်သင့်ရှိနေလေပြီ။

စက်မှုကဏ္ဍကိုကြည့်လျှင် စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းထူထောင်နိုင်ရေးအတွက် စက်မှုဇုန် ၁၈ဇုန် ဖွင့်လှစ်ပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်းများ မြင့်မားတိုးတက်အောင် အားပေးကူညီလျက်ရှိသည်။ ၁၉၈၈ခုနှစ်က နိုင်ငံပိုင် စက်ရုံ ၆၂၄ ရုံနှင့် ပုဂ္ဂလိက စက်ရုံအလုပ်ရုံ ၂၆၆၉၀ ရှိရာမှ ယခုအခါ နိုင်ငံပိုင်စက်ရုံ ၇၉၄ ရုံနှင့် ပုဂ္ဂလိက စက်ရုံအလုပ်ရုံ ၄၃၅၀၆ အထိ ရှိလာသည်။ စက်မှုကဏ္ဍမှ နှစ်စဉ် ၂၅ရာခိုင်နှုန်းခန့်တိုးမြှင့်ထုတ်လုပ်နိုင်လျက်ရှိပြီး ထုတ်လုပ်မှုပမာဏ ရှစ်ဆအထိ တိုးတက်နေပေသည်။

နိုင်ငံတော်တာဝန်ကို သယ်ပိုးထမ်းဆောင်နေသော တပ်မတော်သည် မြန်မာနိုင်ငံ၏ ခေတ်ပြောင်း၊ စနစ်ပြောင်းတာဝန်ကြီးကို နိုင်ငံသားများ၏ လိုအင်ဆန္ဒနှင့်အညီ ထမ်းဆောင်နေခြင်းပင်ဖြစ်သည်။ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်နိုင်ရေးအတွက် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏စားဝတ်နေမှုဖူလုံစေရေးနှင့် ပညာတတ်နိုင်ငံဖြစ်ရေး စသည့်အခြေခံလိုအပ်ချက်များကို ဦးတည်ချက် (၁၂)ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါကဲ့သို့ အသွင်ကူးပြောင်းရေးကာလတွင် အုပ်ချုပ်ရေး၏ အနှစ်သာရမှာ စည်းကမ်းပြည့်ဝပြီး စစ်မှန်သော ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေးအတွက် အလေ့အကျင့်ကောင်းများ ရရှိအောင် ပူးပေါင်းဆောင်ရွက်ရေးပင် ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်ဆိုသည်မှာ မင်းမဲ့စရိုက်နှင့် ပါးလွှာသော ခြားနားမှုသာရှိသည့်အတွက် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကျင့်စဉ် ဖြစ်ထွန်းလာအောင် ပြည်သူတစ်ရပ်လုံးကလည်း ပါဝင်ပူးပေါင်းပြီး လိုက်နာကျင့်သုံးသွားကြရန် လိုအပ်ပေသည်။

အဆင့်မီ နိုင်ငံသားဟူသည် ရိုးသားဖြူစင်မှုရှိပြီး အပြုသဘော အကောင်းမြင်ဖြင့်သာ ကြိုးပမ်းအားထုတ်လေ့ရှိသည်။ လူ့လောက ကောင်းကျိုးကို အလေးထားပြီး အကျိုးဆောင်လိုစိတ် ရှိသည်။ ပြည်သူ့နီတိ အရည်အချင်းများရှိပြီး လောကနီတိ၊ ဓလေ့ထုံးတမ်းတို့နှင့်အတူ အမျိုးအနွယ်ကို ကာကွယ်စောင့်ရှောက်သည်ဟူသော အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့်အညီ မိမိတို့အားလုံး အဓိပ္ပာယ်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ အခြေခံရှိသော နိုင်ငံ့သားကောင်းများဖြစ်အောင် ကိုယ်စီကိုယ်င ကြိုးပမ်းအားထုတ်နေကြရမည် ဖြစ်သည်။

မြန်မာ့လူ့ဘောင် အဖွဲ့အစည်းသည် တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုကို လိုလားမြတ်နိုးသော လူ့ဘောင်အဖွဲ့အစည်းဖြစ်သည်။

မြန်မာ့လူ့ဘောင် အဖွဲ့အစည်းဟု ရည်ညွှန်းလိုက်သည်နှင့် မိမိဒေသကို မြတ်နိုးတွယ်တာခြင်း၊ မိမိအမျိုးအနွယ်ကို စောင့်ရှောက်ခြင်း၊ မိမိလူမျိုးနှင့် ဓာတိဂုဏ်ကို အသက်ပေး ကာကွယ်ခြင်းဟု အဓိပ္ပာယ်ရရှိပေသည်။ ဤသို့ အဓိပ္ပာယ်ရရှိကြောင်းကို မြန်မာလူမျိုးတို့၏ ဘိုးဘွား ဘီဘင်လက်ထက်မှ သားစဉ်မြေးဆက်အထိ ရှင်သန်နေသော သမိုင်းအစဉ်အလာကောင်းများက သက်သေထူလျက်ရှိသည်။

မျက်မှောက်ခေတ်တွင် နိုင်ငံတကာ၌ စီးပွားရေးပြဿနာများ ဖြစ်ပေါ်နေသည်ကို အခွင့်ကောင်းယူပြီး မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးလိုသည့် နိုင်ငံကြီးအချို့နှင့် ၎င်းတို့၏ လက်ပါးစေ လက်ဝေခံများက မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့ကာ အကျပ်အတည်းဖြစ်စေရန်နှင့် နိုင်ငံ့စီးပွားရေး ထိခိုက်စေရန် လုပ်ဆောင်နေကြကြောင်း နိုင်ငံတကာကပင် သိရှိနေလေပြီ။ ယင်းသို့ ပြည်ပမှ စွက်ဖက်နှောင့်ယှက်မှုများ ရှိနေသော်ငြားလည်း နိုင်ငံတော်အစိုးရက ပြည်တွင်းဖူလုံရေးအတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်စေရန် သွင်းကုန်အစားထိုးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးနှင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးတို့ကို ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်သည်။

သို့ဖြစ်၍ **တိုင်းပြည်ကို အမှန်တကယ် ချစ်မြတ်နိုးသူတိုင်း၊ အမိနိုင်ငံတော်ကို ကမ္ဘာနှင့် ရင်ပေါင်တန်းစေချင်သည်ဆိုသည့် နိုင်ငံသားတိုင်းသည် ရေပက်မဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရပေမည်။ နိုင်ငံနှင့်လူမျိုးကို အပြောဖြင့်မဟုတ်ဘဲ လက်တွေ့ ချစ်ပြနိုင်ရန်အတွက် ကြိုးပမ်းအားထုတ် အလုပ်လုပ်ကြရမည်ဖြစ်သည်။**

သမိုင်းစဉ်တစ်လျှောက် ညီညွတ်ခဲ့သည့် အစဉ်အလာ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှု ကာလများတွင် အချင်းချင်း နားလည်ယုံကြည်မှု အပြည့်အဝဖြင့် စည်းလုံးချစ်ကြည်ခဲ့ကြသည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြရပေမည်။

မိမိတို့နိုင်ငံသည် ရေခံမြေခံ အခြေခံကောင်းများရှိသောနိုင်ငံ၊ မိမိတို့လူမျိုးသည် ထက်မြက်သည့် လူမျိုး၊ အတွေးအခေါ်ရှိပြီး လုပ်ရည်ကိုင်ရည်ရှိသော လူမျိုးဖြစ်ရာ မိမိတို့၏ကိုယ်ပိုင်စွမ်းပကားနှင့် သဘာဝသယံဇာတ ပစ္စည်းများကို ပေါင်းစပ်၍ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြပါက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ထိပ်တန်းနိုင်ငံအဆင့်သို့ မကြာမြင့်မီကာလအတွင်း ရောက်ရှိတက်လှမ်းနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသတည်း။ ။

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ပြည်ထောင်စုနေ့ အစိဉ္စာန်

* ပြည်ထောင်စုနေ့ ရောက်ပြီဟေ့ဆိုပြန်လျှင်
ညီညာစည်းလုံး ပေါင်းရုံးဒို့ပျော်ရွှင်
ကယားနဲ့ကရင် ကချင်နဲ့ချင်း
လက်တွဲညီညီရှိကြသည်၊ တူညီစိတ်ထားသွင်းသည်နှင့်လေး။

* ပင်လုံစိတ်ရင်း သွေးချင်းတို့အမွေ
မပျောက်မပျက် ထိန်းလျက်နေထိုင်ပေ
ပေါင်းစုမြန်ပြေ ညီစေကွဲ့ မွန် ရခိုင် ရှမ်း
လက်ကမ်းဆင့်စေ ဒီအမွေ၊ မျှဝေအတူထမ်းသည်နှင့်လေး။

* နှင်းဖျန်းဆွတ်ပျံ့ မွှေးရနံ့စုံညီ
ပန်းတွေပွင့်ကြ လှပစီအရီ
တင့်ကြချယ်ရီ ဘယ်ဆီမညှိုး
သဇင်လည်းပေါ် နန်းထိုက်ပျော်၊ ဆွေဖော်အတူပျိုးသည်နှင့်လေး။

* ကိုယ်ကျိုးမဖက် အသက်နဲ့ခန္ဓာ
စွန့်လွှတ်ကာထား ပြည့်သားတပ်မတော်ပါ
ထိန်းစို့မကြာ ဒို့ဝန်တာသုံးပါးအရေး
ပြည်သူနဲ့လျှင် တူတွဲယှဉ်၊ နွဲဆင်အောင်ပန်းမဝေးသည်နှင့်လေး။

* ချီရေးလမ်းစဉ်(၇)ဖြာ အနာဂတ်ပန်းတိုင်မဝေးတော့ပြီ။
* ဖွံ့ဖြိုးဝေဆာပြည်သာယာ မကြာကာလရောက်ရမည်။ ။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်–

ဘိုမျိုး(ရွှေဘို)

**...တကယ် ချစ်မြတ်နိုးသူတိုင်း၊ အမိနိုင်ငံတော်ကို ကမ္ဘာနှင့်
...ဆိုသည့် နိုင်ငံသားတိုင်းသည် ရေပက်မဝင်သော
...ညွတ်မှုကို တည်ဆောက်ကြရပေမည်။ နိုင်ငံနှင့်လူမျိုးကို
...တွေ့ချစ်ပြနိုင်ရန်အတွက် ကြိုးပမ်းအားထုတ် အလုပ်လုပ်**



နိုးကြားခိုင်သန် မျိုးချစ်မာန်

- ဖျတ်လတ်လျင်မြန် သွက်လက်စွာ
  စိတ်ဓာတ်ခိုင်မာ ရဲရင့်တာ၊
  လျင်မြန်ခိုင်မာ ပေါင်းစပ်တဲ့
  မြန်မာလူမျိုးပဲ။
- သတိမြဲမြဲ အသိမှန်
  နိုးကြားတက်ကြွပြန်၊
  ဖွံ့မြင့်အားမာန် စွမ်းရည်များ
  မြန်မာ့ဂုဏ်ထင်ရှား။
- မြန်မာ့မြေဖွား တိုင်းရင်းဆွေ
  သွေးရင်းညီနောင်တွေ၊
  တွဲလက်ခိုင်နေ တစ်မိသား
  အမိမြေရဲ့ ပြည်တွင်းအား။
- ရခိုင် ကယား ချင်း ကချင်
  ဗမာ မွန်နှင့် ရှမ်း ကရင်
  ချစ်ချစ်ခင်ခင် မျိုးမာန်ပွား
  မြန်မာလူမျိုးများ။
- ကျူးကျော်စော်ကား ငုံ့မခံ
  ထိပါးသည့်ရန် လက်တုံ့ပြန်၊
  နိုးကြားခိုင်သန် ဇာတိသွေး
  ရဲရဲနီတယ်လေး။
- အရေးသုံးလီ ဦးထိပ်တည်
  သစ္စာစောင့်သိ မြတ်နိုးသည်၊
  တည်ကြည်ဖြောင့်မတ် စိတ်ထားမြတ်
  ပြည်ထောင်စုစိတ်ဓာတ်။ ။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ကိုကျော်

● *ကျောဖုံးမှ*

ရှေးဦးစွာ မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)က အလှူတော်ငွေများရရှိမှုနှင့် တည်ဆောက်ရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြော

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သာသနာရေးဆိုင်ရာများနှင့် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် အလှူရှင်များက ငွေကျပ် ၅၀၈၆၃၆၆၀တို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများက လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ သာသနာ့ဗိမာန်တော်ကြီးမှာ ယခုအခါ ၉၅ရာခိုင်နှုန်း တည်ဆောက်ပြီးစီးလျက်ရှိပြီး ပါဝင်လှူဒါန်းလိုသူများသည် တည်ဆောက်ရေးအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဖုန်း-၀၅၆-၂၁၀၁၆နှင့် ၀၉-၅၀- ၁၄၁၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

“အကယ်ဒမီဆိုတာ ရုပ်ရှင်လောကသားများ အလိုအပ်ဆုံး အရာပါ”
အကယ်ဒမီဆွေဇင်ထိုက်

တစ်ချိန်က မြန်မာ့ရုပ်ရှင်ဇာတ်ကားများတွင် လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က ပြောကြားရာတွင် **“အကယ်ဒမီ ဆိုတာ ရုပ်ရှင်လောကသားများ အလိုအပ်ဆုံး အရာပါ။ ဒီဆုဟာ ရုပ်ရှင်လောကသားများအတွက်တော့ ဘဝအဆင့်တစ်ဆင့် ပြောင်းလဲ သွားတာပါပဲ။ အကယ်ဒမီရလိုက် ခြင်းကြောင့် တစ်ချို့သရုပ်ဆောင်တွေဆို ကားတွေ ပိုရိုက်လာရတယ်။ တစ်ချို့ကျတော့လည်း ရိုက်စရာမရှိတဲ့ ဘဝရောက်ရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူရလိုက်တဲ့ကားဟာ ပရိသတ်တုံ့ပြန်မှု နည်းလို့ပါပဲ”**ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

“ယနေ့ လူငယ်သရုပ်ဆောင်တွေဟာ သိပ်ကြိုးစားကြပါတယ်”
အကယ်ဒမီ ဒေါ်နွဲ့နွဲ့မူ

နွဲ့နွဲ့မူ

တစ်ချိန်က လူကြိုက်များကျော်ကြားခဲ့သည့် သရုပ်ဆောင် ဒေါ်နွဲ့နွဲ့မူကလည်း အခုလို ဆိုပါသည်။

“ကျွန်မ ဒီပွဲကို တက်ချင်လွန်းလို့ ဖိတ်စာအခက်အခဲကြားထဲက မရောက်ရောက်အောင် လာတက်တာပါ။ နေပြည်တော်ကို မမျှော်လင့်ဘဲတွေ့လိုက်ရလို့ ဝမ်းသာပီတိ ဖြစ်မိပါတယ်။ တကယ့်ကို ကြီးကျယ်ခမ်းနားတဲ့ မြို့တော်ကြီးပါပဲ၊ နေ့စဉ်နဲ့အမျှ ပြောင်းလဲတိုးတက်နေပါတယ်ဆိုတာ တကယ်မျက်မြင်တွေ့လိုက်ရပါပြီ၊ ကျွန်မတို့ခေတ်တုန်းကဆို ‘ပျဉ်းမငုတ်တို’ ဇာတ်ကားနဲ့ ‘မော်ဝင်ကြိုး’ ဇာတ်ကား နှစ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ အဲဒီ ဇာတ်ကားနှစ်ကားမှာ ကျွန်မ ရေကုန်ရေခန်း ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ အကယ်ဒမီ မရခဲ့ပါဘူး၊ ယနေ့လူငယ်သရုပ်ဆောင်တွေဟာ သိပ်ကြိုးစားကြပါတယ်။ အကယ်ဒမီ မရသေးသူများအနေနဲ့လည်း အကယ်ဒမီရသူတွေကို အတုယူသင့်ပါတယ်”ဟု ပြောကြားသည်။

“အရည်အချင်းရှိတဲ့ သရုပ်ဆောင်များကို တိတိကျကျ ရွေးချယ်ချီးမြှင့်တဲ့ အတွက် အလွန်ပဲ ဝမ်းသာပါတယ်”
စောနိုင်(ရှမ်းပြည်)

ဦးစောနိုင်(ရှမ်းပြည်)

ဆက်လက်၍ ဦးစောနိုင်(ရှမ်းပြည်)က ပြောကြားရာတွင် **“အကယ်ဒမီ ဆုပေးပွဲကို မြန်မာ့အသံ မြက်ခင်းပြင်မှာ ကျင်းပတဲ့ အချိန်ကစပြီး နှစ်စဉ် နှစ်တိုင်း တက်ရောက်ခဲ့ပါတယ်။ ယခု နေပြည်တော်မှာ ဒုတိယအကြိမ် ကျင်းပရာမှာလည်း မပျက်မကွက် တက်ရောက်ခဲ့ပါတယ်။ တစ်နှစ်ထက်တစ်နှစ် သွားရေးလာရေး၊ စားရေး သောက်ရေး အစစအရာရာ အဆင်ပြေပါတယ်။ဒီနှစ်အကယ်ဒမီ ပေးပွဲမှာလည်း အရည်အချင်းရှိတဲ့ သရုပ်ဆောင်များကို တိတိကျကျ ရွေးချယ်ချီးမြှင့်တဲ့အတွက် အလွန်ပဲ ဝမ်းသာပါတယ်။ ဒီနှစ်အကယ်ဒမီ ပေးပွဲဟာ ကျွန်တော့်အတွက်တော့ ဒီနှစ် မတ်လကုန်တာနဲ့ ရုပ်ရှင်လောကက အနားယူတော့မှာဖြစ်လို့ နောက်ဆုံး တက်တာ ဖြစ်မှာပါ။ ဒါကြောင့် ကျွန်တော် ဝမ်းမြောက်ဝမ်းသာစွာနဲ့ပဲ နိုင်ငံတော်အစိုးရနဲ့ ကျေးဇူးရှင် ရုပ်ရှင်ချစ်ပရိသတ်များ၊ ထုတ်လုပ်သူ လုပ်ဖော်ကိုင်ဖက်များ၊ ရုပ်ရှင်ညီအစ်ကို မောင်နှမများကို နှုတ်ဆက်ခဲ့ပါတယ်”**ဟု ပြောကြားသည်။

အကယ်ဒမီနွဲ့နွဲ့စန်း

“အကယ်ဒမီ ဆိုတာ အနုပညာရှင်တွေရဲ့ မှတ်တိုင်တစ်ခုပါပဲ” အကယ်ဒမီနွဲ့နွဲ့စန်း

တစ်ဖန် အကယ်ဒမီ ဒေါ်နွဲ့နွဲ့စန်းက သူ့ရဲ့ အကယ်ဒမီခံစားချက်ကို ပြောပြရာတွင် **“အကယ်ဒမီ ဆိုတာ အနုပညာရှင်တွေရဲ့ မှတ်တိုင်တစ်ခုပါပဲ၊ တစ်နှစ်တာရဲ့ ကြိုးစားအားထုတ်မှုတွေကို ပြန်လည်ဆန်းစစ်ပြီး အကောင်းဆုံး မှတ်ကျောက်တင်ခံခြင်းဟာ အလွန် ဂုဏ်ယူစရာကောင်းပါတယ်။ မေသဉ္ဇာဦး၊ မောင်ရန်အောင်တို့ရဲ့ သရုပ်ဆောင်ချက်တွေဟာ အလွန်ကောင်းပါတယ်။ တကယ့်ကို ထိုက်ထိုက်တန်တန် ရလိုက်တဲ့ အကယ်ဒမီဆုတွေပါပဲ၊ သူတို့ ပါဝင်တဲ့ကားတွေဟာ ကောင်းလွန်းလို့ ပူးတွဲ အကယ်ဒမီတွေ ထွက်လာမလားလို့တောင် အောက်မေ့မိပါတယ်”** ဟု ပြောကြားသည်။

ဓာတ်ပုံအဏ်ထော်ဏီ

၂၀၀၆ခုနှစ်အတွက် **ပန်းပျိုးသူတို့ အလကာ်** ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုရရှိသွားသော ဦးသန်းညွှန့်(ပန်းသာ)၏ အောင်မြင်မှုများနှင့် စပ်လျဉ်း၍ ဓာတ်ပုံအဏ်ထော်ဏီက **“ဦးသန်းညွှန့်ဟာ ဇာတ်ကားတစ်ကားရိုက်ရာမှာ ဓာတ်ပုံနဲ့ပတ်သက်လို့ အထပ်ထပ်အပြန်ပြန်အလှန်လှန် စိတ်တိုင်းကျဖြစ်အောင် ရိုက်လေ့ရှိပါတယ်။ ဒါကြောင့်လည်း သူဟာ ဒီအကယ်ဒမီပေးပွဲမှာ ထိုက်တန်တဲ့ဆုတစ်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဦးသန်းညွှန့် ရိုက်ကူးတဲ့ ဓာတ်ပုံတွေဟာ ကရိန်းအသုံးပြုရိုက်တဲ့ ရှုခင်းတွေများပါတယ်။ ဒါကြောင့် သူဟာ အောင်မြင်မှုတွေရခဲ့တာဖြစ်ပါတယ်”** ဟု ပြောကြားသည်။

“ဦးသန်းညွှန့်ရိုက်ကူးတဲ့ ဓာတ်ပုံတွေဟာ ကရိန်းအသုံးပြုရိုက်တဲ့ ရှုခင်းတွေ များပါတယ်”
ဓာတ်ပုံအဏ်ထော်ဏီ

ဒေစီကျော်ဝင်း

၂၀၀၆ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီဆုပွဲသို့ တက်ရောက်အားပေးခဲ့သော တစ်ချိန်က နာမည်ကျော်ကြားခဲ့သည့် ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဒေစီကျော်ဝင်းကလည်း **“ဒီအကယ်ဒမီပေးပွဲကို လာတက်ရတာ အသက် ပိုငယ်သွားသလိုပါပဲ၊ ရုပ်ရှင်အနုပညာရှင် မောင်နှမတွေနဲ့ တစုတဝေးတည်း တွေ့လိုက်ရတော့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ငယ်ငယ်က ရိုက်ကွင်းသွားရိုက်တုန်းကလိုပါပဲ၊ အလွန်ပျော်စရာကောင်းပါတယ်။ ယနေ့လူငယ်သရုပ်ဆောင်တွေရဲ့ အောင်မြင်တိုးတက်မှုကို မုဒိတာပွားမိပါတယ်။ ၁၉၆၂ခုနှစ်မှာ သရုပ်ဆောင် စလုပ်ပါတယ်။ ၁၉၇၁ခုနှစ်မှာ ‘အားနွဲ့သူပါ’ ရုပ်ရှင်ဇာတ်ကားနဲ့ အကယ်ဒမီဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်”** ဟု ပြောကြားသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၉-၂-၂၀၀၈ ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ တေးဂီတအစီအစဉ်
၈း၁၀ ၇။ ပုလင်းရေလှောင်တမံ
၈း၂၀ ၈။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Grammar made Easy

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၁း၄၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ စစ်သူကြီးဆွန်ကြီး(အပိုင်း-၈)
၁၃း၂၀ ၆။ **ပိုင်နိုင်ခိုင်မြဲအောင်** ခန့်စည်သူ၊ ထွန်းထွန်းဝင်း၊ မျိုးစန္ဒီကျော်၊ ငွေဇင်သွန်း၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
၁၃း၅၀ ၇။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၄း၀၀ ၈။ အတီးပြိုင်ပွဲ
၁၄း၁၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄း၂၀ ၁၀။ **အသိနဲ့ယှဉ်သတိနဲ့ပြင်** (အပိုင်း-၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး
၁၄း၄၀ ၁၁။ ဆပ်သွားတံတား
၁၄း၄၅ ၁၂။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင် တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ အထူးပြုများ)(သင်္ချာ)
၁၆း၄၅ ၄။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၀၀ ၅။ မြန်မာ့ရိုးရာလက်ဖွဲ့
၁၇း၁၅ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇း၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈း၀၀ ၈။ ညနေခင်းသတင်း
၁၈း၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
၁၈း၅၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း-၁၁)
၁၉း၃၅ ၁၂။ (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၄၅ ၁၃။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု) (ချင်းပြည်နယ်)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်းအကျဉ်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချိုမြိန်သောအချစ်နေ့** (အပိုင်း-၁၉)

အင်တာနက် နောက်ဆုံးအားကစားသတင်းများ

ပရီမီယာလိဂ်လုပ်ခအများဆုံးဖြစ်လာမည့် ဒိုလေး

ပေါ်တူဂီနှင့် မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုသည် လက်ရှိအချိန်တွင် ကမ္ဘာပေါ်၌ အကောင်းဆုံးဘောလုံးသမားဖြစ်ကြောင်း မန်ယူနည်းပြဖာဂူဆန်က ထုတ်ဖော်ပြောကြားလိုက်သည်။

စီရိုနယ်ဒိုသည် ယခုနှစ်ဘောလုံးရာသီ၌ မန်ယူအတွက် စုစုပေါင်း ၂၉ပွဲ ကစားပေးထားပြီး ၂၇ဂိုး သွင်းထားနိုင်သူဖြစ်သည်။ လက်ရှိ ခြေစွမ်းအတိုင်းဆိုလျှင် မန်ယူအသင်း၏တစ်ရာသီအတွင်း ဂိုးအများဆုံးသွင်းထားနိုင်သူအဖြစ် ၁၉၆၇-၆၈ ဘောလုံးရာသီက တောင်ပံကစားသမားဂျော့ဘတ်၏ ၃၂ဂိုး စံချိန်ကို ချိုးနိုင်ဖွယ်ရှိနေသည်။

စီရိုနယ်ဒိုကို ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့က ကြိုက်ဈေးပေးခေါ်ယူရန် ကြိုးစားလျက်ရှိရာ မန်ယူအနေဖြင့် တစ်ပတ်လုပ်ခ ပေါင်၁၄၀၀၀၀ တိုးမြှင့်ပေးရန် ညှိနှိုင်းလျက်ရှိသည်။ မန်ယူက စီရိုနယ်ဒိုကို ၂၀၁၂ခုနှစ်အထိ စာချုပ်ထားရာ လစာနှုန်းသစ်ဖြင့် ၂၀၁၄ခုနှစ်အထိ စာချုပ်ချုပ်ရန်စီစဉ်နေပြီဖြစ်ရာ စီရိုနယ်ဒိုသည် ပရီမီယာလိဂ်၌ တစ်ပတ်လုပ်ခအများဆုံးဘောလုံးသမား ဖြစ်လာတော့မည်ဖြစ်သည်။

ကမ္ဘာ့နံပါတ်တစ်နေရာ၌ ရော်ဂျာဖက်ဒဲရားရပ်တည်

ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ်က ထုတ်ပြန်သောနောက်ဆုံးစာရင်း၌ ရော်ဂျာဖက်ဒဲရားသည် ကမ္ဘာ့နံပါတ်တစ်နေရာ၌ပင် ဆက်လက်ရပ်တည်နေဆဲဖြစ်ကြောင်း စာရင်း၌ဖော်ပြသည်။

ဩစတြေးလျနိုင်ငံ၌ ယခုရက်ပိုင်းအတွင်းကျင်းပခဲ့သော ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဒုတိယအကြိမ်မြောက် ဖလားရရှိခဲ့ပြီးနောက် ကမ္ဘာ့နံပါတ်တစ်နေရာသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ရော်ဂျာဖက်ဒဲရားသည် ယခုအချိန်အထိ ဆုဖလားပေါင်း ၄၁ခု ဆွတ်ခူးရရှိထားသည်။

မောင်ချစ်ကြည်-စုစည်းတင်ပြသည်။

မြန်မာ့အလှသဘာဝရှုခင်းများကို မြင်တွေ့ခံစားနိုင်သည့် ဒုတိယအကြိမ် Remind ပန်းချီပြပွဲ

ပန်းချီအနုပညာပုံရိပ် - မိုးမြင့်လင်းလက်
ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာ့အလှနဲ့ သဘာဝရှုခင်းတွေကို ပြည်တွင်းမှာသာမက ပြည်ပအထိ ရောက်အောင် စွမ်းဆောင်အားထုတ်တဲ့သူတွေမှာ မြန်မာ့ရိုးရာပန်းချီပညာရှင်တွေ ပါဝင်နေပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာ သဘာဝအလှအပတွေ ရှုမဆုံးအောင်ရှိနေတာကို ကိုယ်ကျွမ်းကျင်တဲ့ ပန်းချီအနုပညာနဲ့ ကြိုးစားဖော်ကျူးပေးနေတဲ့ ပန်းချီဆရာတွေဟာ လေးစားစရာကောင်းပါတယ်။

ဒီလို မြန်မာ့အလှသဘာဝ မြင်ကွင်းတွေကို ခြယ်မှုန်းထားတဲ့ "ဒုတိယအကြိမ် **Remind** ပန်းချီပြပွဲ"လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း မြန်မာ့ရိုးရာ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ပြခန်းမှာ ဖေဖော်ဝါရီ ၇ရက်မှ ၁၆ရက်အထိ ခင်းကျင်းပြသထားပါတယ်။

ဒီပန်းချီပြပွဲမှာ ပန်းချီဆရာ ၁၄ဦးနဲ့ ပန်းချီဆရာမ နှစ်ဦးတို့ရဲ့ ပန်းချီကားပေါင်း ၁၁၈ ကားကို ခင်းကျင်းပြသထားတာဟာ မြန်မာနိုင်ငံအနှံ့ မြင်ကွင်းတွေကို တစ်နေရာတည်းမှာ မြင်တွေ့ခံစားရသလိုပါပဲ။ ဒီပန်းချီပြပွဲမှာ ပါဝင်ရေးဆွဲပြသထားတဲ့ ပန်းချီဆရာအချို့ကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

ပန်းချီ ကြည်ဇော်

ပန်းချီဆရာ ကြည်ဇော်ရဲ့ **"ဓမ္မရုံကြီး"**ပန်းချီကားကတော့ အခရိုင်းလစ်နဲ့ ရေးဆွဲထားတာပါ၊ ဓမ္မရုံကြီးရဲ့ကျောဘက် မြင်ကွင်းကို အနိမ့်ရှုထောင့်က ခြယ်မှုန်းထားတာဟာ အားပါလွန်းလှပါတယ်။ ဒီပန်းချီကားနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါ **"ရှေးခေတ်မြန်မာ့ ဗိသုကာလက်ရာရဲ့ ခိုင်ခံ့မှု၊ အချိုးအစား ညီညွတ်မှုတမှုနဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေကို ဖော်ပြချင်လို့ပါ"** လို့ ပန်းချီဆရာ ကြည်ဇော်က ဖြေကြားသွားပါတယ်။

"ရေပျော်ပန်း" လို့ အမည်ပေးထားတဲ့ အခရိုင်းလစ်နဲ့ ရေးဆွဲထားတာကတော့ ပန်းချီဆရာဒီပါရဲ့ ပန်းချီကားဖြစ်ပါတယ်။ ဒီပန်းချီကားနှင့်ပတ်သက်ပြီး မေးမြန်းတဲ့အခါ **"ရေပြင်မှာ ရှင်သန်ကြီးထွားတဲ့ ကြာပန်းတွေရဲ့ သန့်ရှင်းမှု၊ အေးမြမှုနဲ့ စင်ကြယ်မှုတွေကို ခံစားနိုင်အောင် ခြယ်မှုန်းထားတာပါ"** လို့ ဖြေကြားပါတယ်။ အခရိုင်းလစ်ဆေးကို အားကောင်းကောင်းသုံးပြီး အလင်းရောင်ရိုက်ခတ်နေတဲ့ ရေပြင်ပေါ်မှာ အနီရောင်ကြာဖူးရဲ့ လွတ်လပ်စွာ ဖူးနေပုံဟာ ထိထိမိမိရှိလှပါတယ်။ အခရိုင်းလစ်ကို အမြင်ဆန်းအောင် သုံးစွဲထားမှုကလည်း ဆန်းသစ်နေပါတယ်။

"ဒုတိယအကြိမ် Remind ပန်းချီပြပွဲ" မှာ ပုသိမ် မောင်မောင်သိမ်း၊ သန်းဝင်းထွန်း၊ ကိုကိုအောင်၊ မောင်ကျော်ခေါင်၊ ဝင်းဇင်၊ ဒီပ၊ သောင်းလင်း၊ စိုးမြင့်ဒွန်း၊ ကြည်ဇော်၊ သီအောင်၊ သန်းလှိုင်၊ သန်းစိုး၊ ကိုသက်၊ ဝင်းခိုင်၊ ခင်ဝင်းကြည်နှင့် ဒေါက်တာခင်မေကြည်တို့ရဲ့ လက်ရာမြောက် ရသစုံပန်းချီကားတွေကို သွားရောက်ကြည့်ရှုခံစားနိုင်ကြအောင် ပန်းချီအနုပညာသတင်းကောင်း ပါးလိုက်ရပါတယ်။ **(မြန်မာ့အလင်း)**

ပန်းချီ ကိုကိုအောင်

ဒီပန်းချီပြပွဲမှာ ပန်းချီကားခုနစ်ကား ပါဝင်ပြသထားတဲ့ ပန်းချီကိုကိုအောင်က အခရိုင်းလစ်နဲ့ ရေးဆွဲထားတဲ့ **"လှေကလေးလှော်မည်"** ပန်းချီကားနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါ **"တောင်သူလယ်သမားတွေရဲ့ လုပ်ငန်းခွင်အပြန်ကို အေးတဲ့ရောင်စဉ်တွေနဲ့ ရေးဖွဲ့ထားတာဖြစ်တာမို့ သူတို့ရဲ့ အေးချမ်းတဲ့ဘဝကို ဖော်ကျူးပေးထားတာ ဖြစ်ပါတယ်"**လို့ ပြောပြပါတယ်။ ဒီပန်းချီကားဟာ ပုဂံမှာရှိတဲ့ လောကနန္ဒာ ဘုရားပေါ်ကနေပြီး ဧရာဝတီမြစ်ထဲမှာ လှေတစ်စင်းနဲ့ လယ်ယာလုပ်ငန်းခွင်က ပြန်လာတဲ့ပုံ ဖြစ်ပါတယ်။ လေငြိမ်နေလို့ မှန်တစ်ချပ်ခင်းထားသလိုဖြစ်နေတဲ့ ရေပြင်ပေါ်မှာ လယ်ယာလုပ်ငန်းခွင်က လှေတစ်စင်း ပြန်လာတဲ့ပုံ ဖြစ်ပါတယ်။

ပန်းချီဆရာမ ခင်ဝင်းကြည် (KWK)

"တန်ခူးလသင်္ကြန်ပွဲ"လို့ အမည်ပေးထားတဲ့ အခရိုင်းလစ်နဲ့ ရေးထားတဲ့ ပန်းချီကားကတော့ ပန်းချီဆရာမ ခင်ဝင်းကြည် (KWK)ရဲ့ ပန်းချီကား ဖြစ်ပါတယ်။ **"ရှေးခေတ်မြန်မာ့ရိုးရာ သင်္ကြန်ပွဲ ဆင်နွှဲကြပုံကို ရေးဆွဲထားတာဖြစ်ပြီး အဲဒီအချိန်က ဝတ်စားဆင်ယင်မှု၊ သင်္ကြန်ရေပက်ဖျန်းမှုတွေဟာ ယဉ်ကျေးမှုရှိကြပုံကို ရေးဆွဲထားတာ ဖြစ်ပါတယ်။ သင်္ကြန်ပွဲကို ရိုးရာမပျက် ဆင်နွှဲနိုင်ကြအောင် ဖော်ပြထားတာဖြစ်ပြီး မြန်မာ့ရိုးရာ ၁၂ လရာသီ ပွဲတော်တွေကို ပန်းချီပညာနဲ့ ဖော်ကျူးထားတာပါ"**လို့ ပန်းချီဆရာမ ခင်ဝင်းကြည် (KWK)က ရှင်းပြပါတယ်။ အစိမ်း၊ အညို၊ ပိတောက်ရောင်တွေ သုံးထားတာမို့ ပျော်ရွှင်စရာ သင်္ကြန်ပွဲရဲ့ အငွေ့အသက်ကို ထိတွေ့ခံစားရတဲ့ ပန်းချီကားဖြစ်ပါတယ်။



"အိမ်အပြန်" အမည်ရှိ မောင်ကျော်ခေါင်၏ ပန်းချီကားကလည်း တစ်မျိုးတစ်ဘာသာ။

ပန်းချီဆရာမ ဒေါက်တာခင်မေကြည်

နောက်ထပ် **"ကျေးလက်သဘာဝအလှ"**လို့ အမည်ပေးထားတဲ့ ပန်းချီကတော့ ဒေါက်တာ ခင်မေကြည်ရဲ့ ဆီဆေး ပန်းချီကားပါပဲ။ ဒီပန်းချီကားနဲ့ ပတ်သက်ပြီး **"မြန်မာ့ကျေးလက် မြင်ကွင်းတွေဟာ နှိုင်းယှဉ်လို့မရတဲ့ သဘာဝအလှ တရားတွေမို့ ဒီလို သဘာဝအလှတွေကို ပန်းချီအနုပညာနဲ့ ပေါင်းစပ်ပြီး ပြည်သူတွေ မြင်တွေ့ခံစားနိုင်အောင် ရေးဖွဲ့ထားတာပါ"**လို့ ပန်းချီဆရာမ ဒေါက်တာခင်မေကြည်က ပြောပြပါတယ်။ ဒီပန်းချီကားဟာ ရေလျှံနေတဲ့ လှည်းလမ်းအတိုင်း ကျွဲတွေနဲ့ကုန်ပစ္စည်း တင်လာတဲ့ပုံ ဖြစ်ပါတယ်။ ကျွဲတွေနဲ့ ရေပြင်ပေါ်မှာ အလင်းရောင်ရိုက်ခတ်မှုဟာ ဟန်ချက်ညီလွန်းတဲ့အပြင် နောက်ခံလယ်ကွင်းစိမ်းစိမ်းတွေနဲ့ အားဖြည့်ထားတာမို့ တကယ့်သဘာဝမြင်ကွင်းကို ကြည့်နေသလို ခံစားရအောင် လက်ရာမြောက်လွန်းပါတယ်။

ပန်းချီ မောင်ကျော်ခေါင်

"အိမ်အပြန်"လို့ အမည်ပေးထားတဲ့ ပန်းချီကားရဲ့ လက်ရာပိုင်ရှင် ကတော့ ပန်းချီ မောင်ကျော်ခေါင်ဖြစ်ပြီး အခရိုင်းလစ်နဲ့ ရေးထားတဲ့ ပန်းချီကားပါပဲ။ ဒီပန်းချီကား ရေးဆွဲမှုနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါ **"ဆွာမြို့နယ် သာဂရကျေးရွာ အနောက်ဘက်မှာရှိတဲ့ တစ်မိုင်ခန့်ရှည်တဲ့ သစ်သားတံတားနဲ့ အိမ်အပြန်တစ်ဦးရဲ့ပုံပါ။ ဒီပန်းချီကားကို ရေးဆွဲဖြစ်တာကတော့ ကျေးလက်ဒေသရဲ့ မြင်ကွင်း၊ ကျေးလက်ဒေသမှာ လမ်း၊ တံတားတွေ အရေးပါပုံကို ဖော်ပြထားတာ ဖြစ်ပါတယ်"**လို့ ပြောကြားပါတယ်။ ကောက်ပင်စိမ်းစိမ်းတွေကြားမှာ ရှည်လျားတဲ့သစ်သားတံတားပေါ် အိမ်ပြန်နေသူတစ်ဦးရဲ့ နောက်ကျောဘက် မြင်ကွင်းတစ်ခုကို တောင်တန်းပြာတွေ နောက်ခံထားပြီး လက်စွမ်းပြထားတာမို့ ကိုယ်တိုင် လမ်းလျှောက်ချင်စိတ်ဖြစ်ပေါ်စေတဲ့ ပန်းချီကားဖြစ်ပါတယ်။

ပန်းချီ ကိုကိုအောင်၏ "လှေကလေးလှော်မည်" ပန်းချီကားမှာ အမြင်ဆန်းသစ်လှသည်။

တာမွေမြို့နယ် ရဲတပ်ဖွဲ့ အမှတ်(၁)နယ်မြေရဲကင်းမှ ကြီးမှူးကျင်းပသော မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ၂၃ရက်ညက ပုဏ္ဏားကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွန်း အမှာစကားပြောကြားပြီး ဒုရဲအုပ် လွင်ဦးက မူခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။ (၁၇၁)

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ နယ်လှည့် စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၁ရက် နံနက် ၇ နာရီခွဲက အမှတ်(၄)ရပ်ကွက်ရှိ သုခရတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းနွဲ့၊ အမှတ် (၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန့်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)

မူးယစ်ကင်းစင် အလှဆင်

လေးကျွန်းစကြာရပ်တော်မူ မြတ်စွာဘုရားကြီး အနေကဇာတင်မင်္ဂလာအခမ်းအနား ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတက္ကန်တောင်ရွာ မဟာဗောဓိတစ်ထောင်ကျောင်းတိုက် ကျေးဇူးတော်ရှင် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ မဟာထေရ်မြတ် တည်ထားပူဇော်တော်မူအပ်သော အမြင့်ပေ ၄၂၄ ပေရှိ ကမ္ဘာ့အကြီးဆုံး လေးကျွန်းစကြာ ရပ်တော်မူမြတ်စွာဘုရားကြီးအား အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ဆရာတော်ကြီး၏ သက်တော်(၇၇)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးရှိ ဗုဒ္ဓဘာသာနွယ်ဝင်အားလုံး သာဓုအနုမောဒနာ ခေါ်ဆိုကြွရောက်ရန် ဖိတ်ကြားထားသည်။

(၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်)ဖေဖော်ဝါရီ ၂၀ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈ နာရီတွင် လေးကျွန်းစကြာရပ်တော်မူ မြတ်စွာဘုရားကြီး ရင်ပြင်တော်ပေါ်တွင် အနေကဇာတင်မင်္ဂလာ အခမ်းအနားကျင်းပပြီး သံဃာအပါး ၁၀၀၀ နှင့် သီလရှင်အပါး ၁၀၀၀တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ဖေဖော်ဝါရီ ၂၁ ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ဆရာတော်ကြီး၏ သက်တော်(၇၇)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပကာ သံဃာတော်အပါး ၃၀၀ တို့အား သံဃာ့ဒါနဆွမ်းဆန်တော်များ လောင်းလှူမည်ဖြစ်သည်။

ဟောကြားချီးမြှင့်မည်

ဓမ္မသဘင်အစီအစဉ်အဖြစ် ဖေဖော်ဝါရီ ၁၉ ရက်(အင်္ဂါနေ့) ည ၇ နာရီတွင် မဟာဗောဓိတစ်ထောင် အရှင်ခေမာစာရာဘိဝံသက လည်းကောင်း၊ ၂၀ ရက်(ဗုဒ္ဓဟူးနေ့)ည ၇ နာရီတွင် ဆီစုံလေးဆရာတော် ဘဒ္ဒန္တစန္ဒိမာ မထေရ်မြတ်ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်မည်ဟု သိရသည်။ **(က-ပ)**

ပြည်ထောင်စုနေ့ ကာယဗလမောင်မယ်ရွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်း ကာယဗလနှင့်ကာယအလှဆပ်ကော်မတီမှကြီးမှူး၍ ဖေဖော်ဝါရီ ၉ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ကျင်းပမည် ဖြစ်သည်။ ကာယဗလမောင်တွင် လူသစ်တန်း၊ အငယ်တန်း၊ အကြီးတန်းနှင့် အလွတ်တန်းများပါဝင်ပြီး ကာယအလှမယ်ပြိုင်ပွဲတွင် ၅ပေ ၃ လက်မနှင့်အထက်အကြီးတန်း၊၅ ပေ ၃ လက်မ အငယ်တန်းနှင့် အလွတ်တန်းများ ပါဝင်သည်။ ပြိုင်ပွဲဝင် လိုသူများသည် အတွင်းရေးမှူး ဦးကျော်စိန်သန်း၊ အောင်ဆန်း အားကစားပြိုင်ကွင်းနှင့် လူထုအားကစားပညာပေးဌာန ဖုန်း-၃၇၄၅၀၂သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

ပံ့ပိုးကူညီ

ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် S.M.A Advertising & Publishing Group မှ ဦးစိုးမြတ်အောင်၏ စီစဉ်မှုဖြင့် LYNX Trading Co., Ltd. (Galileo CNG ကားပစ္စည်းတပ်ဆင်ရေးလုပ်ငန်း)နှင့် ဦးငယ်လေး အကယ်ဒမီ ကုမ္ပဏီလီမိတက် (ရန်ကုန်ဂျစ် မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်း)တို့က ပံ့ပိုးကူညီကြောင်း သိရသည်။ **(က-ပ)**

စစ်ကိုင်းနှင့် မန္တလေးတိုင်း သစ်တောကြိုးဝိုင်းနှင့် သစ်စက်များ သစ်တောရေးရာဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၁ ရက် ညနေပိုင်းက စစ်ကိုင်းတိုင်း မုံရွာမြို့ ဗောဓိတစ်ထောင် စိမ်းလန်းစိုပြည်ရေးပျိုးဥယျာဉ်သို့ရောက်ရှိပြီး ဗောဓိတစ်ထောင် ကျောက်ကာ-ရွှေမြင်တင်တောင်တန်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ ထူထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သို့ ရောက်ရှိ၍ ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ကနီ မြို့နယ် ပေါက်အင်းတောင်ကြိုးဝိုင်းအတွင်း တင်ဝင်းထွန်းကုမ္ပဏီကစိုက်ပျိုးသည့် ခြံစည်းရိုးကြက်ဆူစိုက်ခင်းဧက ၄၄၀၀သို့ရောက်ရှိပြီး စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဖေဖော်ဝါရီ ၃ ရက်က ကန့်ဘလူမြို့ စံပါယ်နံ့သာ ကြိုးဝိုင်းအတွင်းရှိ တင်ဝင်းထွန်းကုမ္ပဏီ၏ ကျွန်းစိုက်ခင်းဧက ၇၀၀နှင့်ရွှေမိုးသာ ကုမ္ပဏီ၏ သီးခြားကျွန်းစိုက်ခင်းဧက ၅၀၀ တို့သို့ ရောက်ရှိပြီး စိုက်ခင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ကန့်ဘလူမြို့ရှိ မဟာရွှေစည်ကြီး စေတီတော်ကို သွားရောက်ဖူးမြော်၍ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ကန့်ဘလူမြို့ အင်ကြင်းဥယျာဉ်ကို ကြည့်ရှုစစ်ဆေး၍ ညနေပိုင်းတွင် ကန့်ဘလူမြို့ ချပ်သင်းဘေးမဲ့တော၊ သဘာဝသမိုင်းပြတိုက်သို့ ရောက်ရှိပြီး ငှက်၊ လိပ်ပြာနှင့် သားကောင်ငယ်လေးများ ရုပ်လုံးသွင်းထားမှုများနှင့် ဘေးမဲ့တောအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဝန်ကြီးသည် ဖေဖော်ဝါရီ ၄ ရက်တွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန် (၁)ရှိမြစ်ဝါသစ်အချောထည်စက်ရုံ၊ Golden Pollen ကုမ္ပဏီ လီမိတက် သစ်အချောထည်စက်ရုံနှင့် ကျောက်ဆည်မြို့ Jewellery Luck ကုမ္ပဏီလီမိတက် သစ်အချောထည်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၈

နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည့် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့က မြန်မာ့မီးရထားဖြင့်လည်းကောင်း၊ လေကြောင်း ခရီးဖြင့်လည်းကောင်း နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ပို့ဆောင်နေရာချထားပေး

အဆိုပါ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဆပ်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက နေပြည်တော်လေဆိပ်နှင့် နေပြည်တော် ရှာတော်ဘူတာတို့၌ ကြိုဆိုကြပြီး တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။ **(သတင်းစဉ်)**

ရောက်ရှိ

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိလာစဉ်။

(သတင်းစဉ်)

9-2 (12) 1 2/9/08, 2:19 AM

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ ဓာတုဗေဒ

မင်္ဂလာပါတပည့်တို့။

ဓာတုဗေဒသည် ဒြပ်တို့၏ ဖွဲ့စည်းပုံ (Composition)၊ ဂုဏ်သတ္တိများ (Properties) နှင့် တည်ဆောက်ပုံ (Structure) တို့ကိုလည်းကောင်း၊ အရာဝတ္ထုတို့ အသွင်တစ်မျိုးမှ တစ်မျိုးသို့ ပြောင်းလဲနိုင်သော နည်းလမ်းများ (Ways in which substances can change from one form to another) သို့မဟုတ် အရာဝတ္ထုတို့ တစ်ခုနဲ့တစ်ခု ဓာတ်ပြုနိုင်သော နည်းလမ်းများ (Ways in which substances can react with one another) ကိုလည်းကောင်း၊ (Study) လေ့လာသော ဘာသာရပ်ဖြစ်တယ်ဆိုတာကို Grade (10) နဲ့ Grade (11) ပြဋ္ဌာန်းစာအုပ်များရဲ့ နိဒါန်း (Introduction) မှာ ဖော်ပြထားတာကို သဘောပေါက်မိထားဖို့ လိုအပ်လှပါတယ်။

ဒီလိုသိထားပြီးတော့နောက် စာအုပ်ပါအခန်းများကို ကြည့်မယ်ဆိုရင် အခန်း (၁) ပါအချက်အလက်များသည် ကျန်အခန်းများပါအချက်အလက်များအတွက် သိရှိထားရမယ့် အခြေခံအချက်များက ပါရှိနေတယ်ဆိုတာ တွေ့ရပါမယ်။ အထက်တွင် ဖော်ပြခဲ့သော ပြဋ္ဌာန်းစာအုပ် နိဒါန်းပါ ဓာတုဗေဒဘာသာရပ်မှ အဓိကလေ့လာတဲ့အချက်တွေဟာ ဒြပ်စင်တို့ရဲ့ အီလက်ထရွန် တည်ဆောက်ပုံ (Electronic Structure) ပေါ်တည်မှီနေပါတယ်။ ဒါကြောင့်မို့ Complete နဲ့ Essential Electronic Structure of Elements ကို ရေးတတ်ဖို့ လိုပါတယ်။ ရှိရှိသမျှသော အရာဝတ္ထုတို့ကို ဓာတ်ခွဲကြည့်ရင် ဒြပ်စင်အမျိုးအစား (၁၀၀) ကျော်လောက်ထက် ပိုမတွေ့နိုင်ပါဘူး။ ဒီ ဒြပ်စင်တွေရဲ့ Electronic Structure တွေဟာ စနစ်မရှိ ဖြစ်နေတာမဟုတ်ပါဘူး။ သဘာဝအရ ထိန်းချုပ်ထားတဲ့ ဒြပ်စင်တို့ရဲ့ အလှည့်ကျဂုဏ်သတ္တိ (Periodicity) ရှိပါတယ်။ ဒါတွေကို လိုရင်းတိုရှင်း အနှစ်ချုပ်ဖော်ပြနေတာကတော့ ဒြပ်စင်တို့၏ အလှည့်ကျဇယား (Periodic Table of Elements) ဖြစ်ပါတယ်။ ဒီဇယားကို ကျေညက်စွာ သဘောပေါက်ဖို့ လိုပါတယ်။ ဒီလိုကျေညက်စွာသိရှိနားလည်ထားခြင်းဖြင့် စာအုပ်ပါ သင်ခန်းစာများသည် အလွတ်သက်သက် ကျက်မှတ် စရာတွေ မဟုတ်ဘဲ၊ အားလုံးကို စုစည်းထားတဲ့စနစ် (Unifying Principle) အရ ကြောင်းကျိုးဆက်စပ်မှုရှိပြီး၊ အဓိပ္ပာယ်ရှိရှိလေ့လာကျက်မှတ်ရတာဖြစ်ကြောင်းကို ဒီနေ့ မဆွေးနွေးခင်မှာ ကြိုတင်မှာကြားလိုပါတယ်။

ဒီကနေ့ ဆွေးနွေးမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုတဲ့ အခါမှာ ထိထိရောက်ရောက်နဲ့ ဖြေဆိုနိုင်အောင်၊ အမှတ်များများရအောင် ကျောင်းသူ၊ ကျောင်းသားများအတွက် ရည်ရွယ်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အမှတ်များများရအောင်၊ အမှတ်ပြည့်ရအောင် ဘယ်လိုကျက်မှတ်သင့်တယ်ဆိုတဲ့ အကြောင်းကိုလည်း ဆွေးနွေးမှာ ဖြစ်ပါတယ်။ တပည့်တို့အနေနဲ့ မေးခွန်းဟောင်းများကို ပြန်လည်လေ့ကျင့်ထားဖို့လိုပါတယ်။ မေးခွန်းဟောင်းတွေမှာ ကြည့်မယ်ဆိုရင် အမှတ်ပေါင်း စုစုပေါင်း (၁၄၄)မှတ်ဖိုး မေးတာ တွေ့ရပါမယ်။ (၁၄၄) မှတ်ဖိုးထဲက အမှတ်(၁၀၀)ဖိုး ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းအားလုံး စုစုပေါင်း အပုဒ် (၈)ပုဒ် ပါပါတယ်။ မေးခွန်းနံပါတ် (၁)ကနေ (၅)အထိ၊ Objective type question ဖြစ်ပါတယ်။ မဖြေမနေရ ဖြစ်ပါတယ်။ (၁)မှတ်တန် မေးခွန်းတွေလည်း ဖြစ်ပါတယ်။ စုစုပေါင်း (၃၆)မှတ် ပေးထားပါတယ်။ မေးခွန်းနံပါတ်(၆)သည်လည်း မဖြေမနေရ မေးခွန်း ဖြစ်ပါတယ်။ အားလုံး (၆)ပုဒ်၊ (၁၂)မှတ်ဖိုး ပေးထားတာဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၇) နဲ့ (၈)မှာတော့ ရွေးချယ်စရာ အပုဒ်များကို ပေးထားတာမို့ လွယ်လွယ်ကူကူနဲ့ ဖြေဆိုနိုင်မယ်လို့ မျှော်လင့်မိပါတယ်။ ဆက်လက်ပြီးတော့ Chapter အလိုက် လေ့ကျင့်ရာမှာ Chapter (1) ကနေပဲ စမှာ ဖြစ်ပါတယ်။ Chapter (1) မှာ ရှိတဲ့ Definition တွေကို ရထားဖို့ လိုပါတယ်။ Atomic number, mass number, isotopes, electro-positive element, electronegative element, ionization energy, electron affinity အဲဒါတွေကိုတော့ ကျေကျေညက်ညက် ရထားဖို့ လိုပါတယ်။ Definition အပိုင်းက (၁)မှတ်တန်မေးခွန်းဆိုရင်တော့ ဥပမာ ပေးစရာတော့မလိုပါဘူး။ တစ်ခါတစ်ရံမှာ (၂)မှတ်တန် မေးခွန်းမှာ Definition ကို မေးထားပေမယ့်၊ (၂)မှတ်တန် မေးခွန်းဖြစ်တဲ့အတွက်ကြောင့် ဥပမာပါ ထည့်ဖြေပေးဖို့ လိုပါတယ်။ အဲဒါကိုတော့ သတိထားဖို့ လိုပါတယ်။ ဒီ Chapter (1) မှာ Electronic structure, electronic structure မှာ Complete electronic structure, essential electronic structure, group တွေ ရှာတတ်ရမယ်။ Period တွေ ရှာတတ်ရမယ်။ Valence ရှာတတ်ရမယ်။ Metal တွေ၊ Non-metal တွေ၊ Metalloid တွေ ရှာတတ်ရမယ်။ တစ်နည်းအားဖြင့် Periodic table ကို ကောင်းကောင်း ကျေကျေညက်ညက် ရထားဖို့လိုပါတယ်။ Atomic number 1 ကနေ Atomic number 20 အထိ ဂရုစိုက် လေ့ကျင့်ထားဖို့ လိုပါတယ်။ ဆက်လက်ပြီးတော့ ဒီအခန်းနဲ့ ပတ်သက်ပြီးတော့ Ionic bond, covalent bond, metallic bond, co-ordinate bond တို့ကိုလည်း ဥပမာတွေနဲ့ သိရှိထားဖို့ လိုပါတယ်။ Co-ordinate bond မှာ ဘယ်လိုမျိုးနဲ့ ပတ်သက်နေတယ်ဆိုတာလည်း နှိုက်နှိုက်ချွတ်ချွတ် သိထားဖို့လိုပါတယ်။ Co-ordinate bond ဖြစ်ဖို့ဆိုရင် Lone pair ရှိတဲ့ Atom ပါတဲ့ Molecule ရှိရမယ်။ ကျန် Molecule မှာပါတဲ့ Atom တစ်ခုဟာ electron ချို့တဲ့နေရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ Co-ordinate bond ဖြစ်ဖို့ Reactant တစ်ခုမှာ ပါဝင်တဲ့ Atom တစ်ခုဟာ ရှစ်ခုစည်းမျဉ်းမှ သွေဖည်နေတဲ့ Electron defficient molecule ဖြစ်ရမှာ ဖြစ်ပါတယ်။ နောက် Chapter (2) အနေနဲ့ ကြည့်မယ်ဆိုရင်လည်း Gas law တွေ ပါဝင်တာမို့၊ Gas law တွေမှာ ဘယ် Law တွေ ရှိတယ်။ Boyle's law, Charles' law, Dalton's law, Graham's law, Avogadro theory, Gay-lussac's law အားလုံးကို ကျေကျေညက်ညက် ရထားဖို့လိုပါတယ်။ တချို့ Gas law တွေမှာ Mathematical expression ကိုပဲ ဖြေလည်း ရပါတယ်။ Example အနေနဲ့ Charles' Law ကို Mathematical expression နဲ့ ဖြေပါလို့ပြောရင် $V \alpha T$ (P and m are kept constant) V က Volume၊ T က Temperature၊ P က Pressure၊ M က Mass ဆိုပြီးတော့ အောက်ကနေ ပြန်ပြီးတော့ ပြောဖို့လိုပါတယ်။ ဒီအခန်းနဲ့ ပတ်သက်ပြီး ပုစ္ဆာတွက် တွေလည်း ကျေကျေညက်ညက် တွက်ထားဖို့လိုပါတယ်။ Chapter (1) မှာလည်း မေးခွန်းတွေကို ပြန်လေ့လာပြီးတော့ အမှတ်ကိုဘယ်လောက်ပေးလဲ ကြည့်မယ်ဆိုရင် (၁၀)မှတ်ဖိုး၊ Chapter (2) မှာလည်း (၁၀)မှတ်ဖိုးခန့် ရှိတာကို တွေ့ရပါတယ်။ ဒီ Chapter (1)နဲ့ Chapter (2)ဟာ Section (A) မှာ မေးသလို၊ Section (B) မှာလည်းမေးတာကို တွေ့ရှိရပါမယ်။ Section (B) အပိုင်းမှာဆိုရင် (၂)မှတ်တန် မဖြေမနေရမှာ မေးသလို၊ (၄)မှတ်တန်မှာလည်း မေးထားတာကိုတွေ့ရပါတယ်။ Chapter (3)အနေနဲ့ကတော့ Stoichio-metry ဖြစ်တဲ့အတွက် တွက်ရမယ့် ပုစ္ဆာတွေ ပါလာပါတယ်။ ဒြပ်တို့ရဲ့ ဖွဲ့စည်းပုံ (Composition) ကိုလည်းကောင်း၊ စီးပွားဖြစ်ထုတ်လုပ်ရန် တွက်ခြေကိုက်မယ့် ဓာတ်ပြုခြင်းကိုလည်းကောင်း လေ့လာတွက်ချက်ရတာမို့ အရေးကြီးတဲ့ အခန်းတစ်ခု ဖြစ်ပါတယ်။ အနည်းဆုံး (၈)မှတ်တန် အပုဒ်ကြီး မေးထားတာမို့ ကျောင်းသူ၊ ကျောင်းသားများ ပုစ္ဆာတွေကို ကျေကျေညက်ညက် တွက်ပြထားဖို့ လိုပါတယ်။ နောက် Chapter (4) Electrolysis အခန်းလည်း ဒီအတိုင်းပါပဲ၊ Section (A) မှာလည်း မေးထားသလို၊ Section (B) မှာလည်း မေးထားပါတယ်။ Section (B) မှာ ဆိုရင်တော့ (၄)မှတ်တန် မေးခွန်းမှာ မေးထားတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ နောက် ဒီ Chapter (3) နဲ့ ပတ်သက်ပြီးတော့ အမှတ်ခွဲဝေပုံအရ (၁၃)မှတ်၊ အမှတ်အများဆုံး ရွေးထားတာကို တွေ့ရှိရပါမယ်။ Chapter (4) ကတော့ (၁၀)မှတ်ဖိုးခန့် မေးထားတာကို တွေ့ရှိရပါမယ်။ Chapter (5) က Oxidation-reduction အခန်းဖြစ်တယ်။ Oxidation-reduction နဲ့ ပတ်သက်တဲ့ Definition တွေ အထူးသဖြင့် ခေတ်မီနည်း၊ Electronic point of view၊ Electron ရွှေ့ပြောင်းနည်းအရ Oxidation နဲ့ Reduction အဓိပ္ပာယ်သတ်မှတ်ပုံတွေ၊ Oxidizing agent, reducing agent တွေရဲ့ အဓိပ္ပာယ်သတ်မှတ်ပုံတွေ၊ Oxidizing agent example တွေ၊ Reducing agent example တွေ၊ အဲဒါတွေ ကောင်းမွန်စွာ ရထားဖို့လိုပါတယ်။ Oxidation agent နဲ့ Reducing agent မှာ ဘယ် Agent ကနေ Electron တွေ ပြောင်းရွှေ့သွားတယ်ဆိုတာ ကိုလည်း ကျေကျေညက်ညက် သိထားဖို့ လိုပါတယ်။ ဒီနေရာမှာ Oxidation-reduction reaction တွေနဲ့ ပတ်သက်ပြီးတော့ ညှိယူတဲ့အခါမှာလည်း ညှိယူပုံ ညှိယူနည်း (Balancing Redox Equation) ကိုလည်း ပိုင်ပိုင်နိုင်နိုင် လေ့ကျင့်ထားဖို့ လိုပါတယ်။ ဒီအခန်းက Chapter (3) နဲ့လည်း နည်းနည်းအကျိုးဝင်ပါတယ်။ Titration ကဏ္ဍမှာ တစ်ခါတစ်ရံမှာ Oxidation-reduction titration တွေ ပါဝင်လာတာမို့ ဒီ Chapter (5) ဟာ Chapter (3) ကို Support လုပ်နေတာကို အထောက်အပံ့ပေးနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် Acidified $KMnO_4$ နဲ့ $FeSO_4$ တို့ Titration မှာဆိုရင် မဖြစ်မနေ Ionic equation ကိုရေးရမှာဖြစ်တဲ့အတွက်ကြောင့် ဒီ Chapter (5) ရဲ့ အရေးပါမှုဟာလည်း သိသာထင်ရှားလှပါတယ်။ ဒီ Chapter (5) ဟာလည်း အမှတ်ခွဲဝေမှုအရ (၉)မှတ်ခန့် ဖြစ်တာကို တွေ့ရှိရပါတယ်။ ဓာတ်တိုး ဓာတ်လျှော့ညီမျှခြင်းညှိတဲ့နည်းက ကျွမ်းကျင်ထားရင် အလွန်အသုံးဝင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဓာတ်ပြုခြင်းတိုင်းနီးနီးဟာ (Double Decomposition မှလွဲ၍) Redox ဓာတ်ပြုခြင်းများဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ Chapter (6) ကတော့ Rate of reaction and equilibrium ဖြစ်ပါတယ်။ Rate of reaction definition ကို အဓိပ္ပာယ်သတ်မှတ်တာကို Text book ထဲမှာ ပါတဲ့အတိုင်း Concentration အရ အဓိပ္ပာယ်သတ်မှတ် ထားတာကို သေသေချာချာ သိထားဖို့လိုပါတယ်။ Rate of reaction နဲ့ ပတ်သက်ပြီးတော့ Influence ဖြစ်နေတဲ့ Factors (၆)ခုကိုလည်း အသေးစိတ်သိထားဖို့ လိုပါတယ်။ ဒီနေရာမှာ Effect of temperature မှာ Activation energy, activated complex အကြောင်းကိုလည်း သိရှိထားဖို့၊ Definition တွေကိုလည်း ရထားဖို့လိုပါတယ်။ Catalyst နဲ့ပတ်သက်ပြီးတော့ Positive catalyst, negative catalyst တို့ရဲ့ Definition တွေကိုလည်း ရထားဖို့ လိုပါတယ်။ Enzyme တွေကို Bio-catalyst လို့ ခေါ်တယ်ဆိုတဲ့အကြောင်းကို လည်း သိရှိထားဖို့ လိုပါတယ်။ ဒီ Enzyme နဲ့ ပတ်သက်ပြီးတော့ Equation တစ်ကြောင်းကို ရေးပါဆိုရင် ရေးတတ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအခန်းနဲ့ ပတ်သက်ပြီးတော့ အမှတ်ခွဲဝေမှုကတော့ နှစ်ဟောင်းမေးခွန်းများကို လေ့လာလိုက်မယ်ဆိုရင်၊ ဒီ Chapter မှာ (၇)မှတ်ခန့် ဖြစ်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒီအခန်းရဲ့ နောက်ဆုံးမှာ Equilibrium ကို လွှမ်းမိုးနေတဲ့ Factor သုံးခု၊ Pressure, temperature, concentration ကိုလည်း သိရှိရပါမယ်။ ဒီ Equilibrium ကိုလွှမ်းမိုးနေတဲ့ Principle တစ်ခုဖြစ်တဲ့ Le-Chatelier's Principle ရဲ့ Definition ကိုလည်း ရထားဖို့ လိုပါတယ်။ သူနဲ့ ပတ်သက်တဲ့ Equation တွေနဲ့ Equation တွေကို ကြည့်ပြီးတော့ Pressure effect, temperature effect နှင့် Concentration effect တို့ကိုလည်း ကောင်းမွန်စွာ၊ တိုတိုတုတ်တုတ်နှင့် ရှင်းပြတတ်ဖို့လိုပါတယ်။ နောက် Chapter (7) ကတော့ ကျောင်းသူ၊ ကျောင်းသားများ အများစုဖြေဆိုတဲ့ Chapter တစ်ခု ဖြစ်ပါတယ်။ ဒီ Chapter မှာ Definition တွေရှိသလို၊ Hess's law အရ Equation တွေရေးချပြီးတွက်တဲ့ ပုစ္ဆာတွေလည်းပါဝင်ပါတယ်။ ဒီ Chapter မှာ အမှတ်ခွဲဝေပုံအရတော့ (၁၁)မှတ်ခန့် ရှိတာကို တွေ့ရှိရပါတယ်။ Chapter ရဲ့ Definition တွေကို ကြည့်မယ်ဆိုရင် Heat of combustion, Heat of formation, Heat of neutralization အဲဒါတွေကို Example နဲ့ ရထားရမှာ ဖြစ်ပါတယ်။ တပည့်တို့အနေနဲ့ သိထားဖို့က Heat of combustion ကို Example နဲ့ ရေးပြပါဆိုရင် ကျောင်းသူ၊ ကျောင်းသား အများစုဟာ Combustion ရဲ့ Definition ကို လွယ်ကူစွာ ရေးတတ်ပေမယ့်၊ သူ့ရဲ့ Example ကို မှန်ကန်စွာမရေးပြတတ်တာကို တစ်ခါတစ်ရံတွေ့ရှိရတတ်ပါတယ်။

For example အနေနဲ့ ပြောမယ်ဆိုရင် $C\ (graphite) + O_2\ (g) \rightarrow CO_2\ (g)$ ဘေးနားမှာ Enthalpy change ($\Delta H^\theta = -393$ kJ/mol) ကိုလည်း ရေးပြရမှာ ဖြစ်ပါတယ်။ ΔH (-) လို့ ရေးပြရမှာ ဖြစ်ပါတယ်။ တန်ဖိုးမသိရင်လည်း ($\Delta H^\theta = -q$ kJ/mol) လို့ ရေးရမှာဖြစ်ပါတယ်။ Equation ရေးပြီးတော့ Enthalpy change ရဲ့ သင်္ကေတ မပါဘူးဆိုရင် Thermochemical equation မပီသဘူး ဆိုတာကိုလည်း တပည့်တို့ နားလည်သဘောပေါက်ဖို့ လိုပါတယ်။ နောက်တစ်ခါ Carbon အနေနဲ့ပတ်သက်ပြီးတော့လည်း Graphite ကိုပဲ သုံးရပါမယ်။ Carbon solid သုံးရမှာ မဟုတ်ပါဘူး။ Carbon ရဲ့ Symbol ကို ဖော်ပြရာမှာ Carbon solid လို့ ဖော်ပြရုံနဲ့ မလုံလောက်ပါဘူး၊ Carbon graphite လို့

စာမျက်နှာ ၁၆ ကော်လံ ၁

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့ ရွာဘဲရပ် အားကစားကွင်းအဝင် မြို့ပြ ကတ္တရာလမ်းနှင့် ရတနာဒီပမြို့ပြကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ခရိုင်ဥက္ကဋ္ဌ ဦးအောင်ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခြင်းကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့် တက်ရောက်ချီးမြှင့်စဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့၌ အဝီစိတွင်းတူးဖော်

ကျိုက်ထို ဇန်နဝါရီ ၂၀

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကွာရီကျေးရွာ အဝီစိတွင်းတူးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ရေပေးရေး ဆောင်ရွက်မှုများကို ဇန်နဝါရီ ၃ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးဦးအောင်ကျော်ငြိမ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမျိုးသူတို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇန်နဝါရီ၁၀ ရက်က ဖခင်ကြီး ဦးခင်မောင်အေး-မိခင်ကြီးဒေါ်ခင်ဖြူဝင်းတို့အား ရည်စူး၍ တောင်ဥက္ကလာပ မြို့နယ် ၁၄/၃ ရပ်ကွက် ခွာညိုလမ်း အမှတ် ၇/၂နေ ဦးဝင်းအောင်၊ ဒေါ်နှင်းပပအေး၊ ဦးဥက္ကာသိန်း၊ ဒေါ်ယဉ်မင်းအေး၊ (မြေး)မနေခြည်ဥက္ကာမိသားစုက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မြောက်ဘက်ရင်ပြင်(သောကြာထောင့်)တွင် တည်ဆောက်မည့် အာရုံခံတန်ဆောင်းအတွက် အလှူငွေကျပ်သုံးသိန်းကို ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် တွဲဖက်အတွင်းရေးမှူး(၂)ဦးကိုရည်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၀)

မအူပင်မြို့ အလက(၁)ကျောင်းသားဟောင်းများ

အာစရိယပူဇော်ပွဲ ကျင်းပမည်

မအူပင် ဇန်နဝါရီ ၃၀

မအူပင်မြို့ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား မအူပင်မြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းသား ကျောင်းသူဟောင်းများက မတ် ၃၀ ရက် နံနက် ၉ နာရီတွင် ပူဇော်ကန်တော့ကြမည်ဖြစ်ရာ အဝေးရောက် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဒေါ်ခင်ပြုံးကျော် ဖုန်း-၀၄၅-၃၀၄၇၂၊ ဦးညီညီလွင် ဖုန်း-၀၄၅-၃၀၄၅၁၊ ဦးစီ ဖုန်း-၀၄၅-၃၀၄၇၆၊ ဦးမြင့်သိန်း ဖုန်း-၀၄၅-၃၀၈၀၅၊ ထိုက်ထိုက် ဖုန်း-၀၄၅-၃၀၀၉၉၊ ဦးစိန်တုတ် ဖုန်း-၀၄၅-၃၀၂၉၆၊ ကိုပွေ့ရန်း ဖုန်း-၀၄၅-၃၀၈၉၉၊ မသန္တာလှိုင် ဖုန်း-၀၄၅-၃၀၁၅၅၊ မခိုင်ခိုင်အေး ဖုန်း-၀၄၅-၃၀၁၅၂၊ မအေးအေးတင့် ဖုန်း-၀၁-၂၁၀၃၇၆၊ ကျော်ကျော်နိုင် ဖုန်း-၀၉-၅၁-၁၂၇၄၂၊ ကောင်ငယ် ဖုန်း-၀၆၇-၄၁၄၆၈၇ နှင့် ညီမင်းနိုင် ဖုန်း-၀၉-၅၁-၇၈၁၅၅ တို့သို့ ဆက်သွယ် သတင်းပို့ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(၄၂၁)**

ဖေဖော်ဝါရီ ၅ ရက်က သဃ်န်းကျွန်းမြို့နယ်အမှတ် (၂၂) အခြေခံပညာ မူလတန်းကျောင်း၌ကျင်းပသော၂၀၀၆- ၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားတွင် စတုတ္ထတန်းမှ ပထမဆုရရှိသူ မယမင်းသန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ဌေးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

သန်လျင်မြို့ သာသနာ့ကျက်သရေဆောင် မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သာသနာ့ကျက်သရေဆောင် မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး အတွက် စတုတ္ထအကြိမ် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် မွန်းလွဲ ၁နာရီက အဆိုပါ တည်ဆောက်ဆဲ သာသနာ့ဗိမာန်တော် ကြီး၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ အလှူငွေများလက်ခံပြီး (ယာပုံ) အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

တက်ရောက်ကြည်ညို

အဆိုပါ အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။ စာမျက်နှာ ၁၀ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၆ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပွဲ

ပြည်သူချစ်သောအနုပညာရှင်များ၏ ရင်ထဲက ဝမ်းသာပီတိစကားများ

မေးမြန်းသူ–မြင့်မောင်စိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံမှတ်တမ်း–အောင်ထွန်းနိုင်(ပြည်မြန်မာ)

"ယနေ့လူငယ် သရုပ်ဆောင်တွေရဲ့ အောင်မြင်တိုးတက်မှုကို မုဒိတာပွားမိပါတယ်"

အကယ်ဒမီ ဒေစီကျော်ဝင်း

နေပြည်တော် ဖေဖော်ဝါရီ ၈

၂၀၀၆ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် ညနေပိုင်းက နေပြည်တော် မြို့တော်ခန်းမရှေ့မျက်နှာစာ၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

ဝမ်းသာပီတိစကား

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီနှင့်ပတ်သက်၍ မြန်မာ့ရုပ်ရှင် လောကမှ ပြည်သူချစ်သော အနုပညာရှင်များ၏ ရင်ထဲမှ ဝမ်းသာပီတိ စကားများကိုဖော်ပြလိုက်ရပါသည်။ စာမျက်နှာ ၁၀ ကော်လံ ၃ *



အသီးတစ်ရာ
အညှာတစ်ခု
ဒို့ပြည်ထောင်စု

မြန်မာ့အလင်း (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

❒ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ချင်းပြည်နယ် (စာ - ၇)

❒ တိုင်းရင်းသားများနေထိုင်ကြသည့် နယ်စပ်ဒေသအားလုံးနီးပါး တည်ငြိမ်အေးချမ်းမှု အရသာနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။ (သီဟအောင် ၏ ဆောင်းပါး (စာ– ၈၊ ၉))

❒ ပြည်ထောင်စုနေ့အဓိဌာန် (ဘိုမျိုး (ရွှေဘို) ၏ ကဗျာ (စာ–၉))

❒ နယ်ချဲ့သရုပ်အမှန် (လင်းလင်း၏ ကာတွန်း (စာ–၉))

❒ နီးကြားခိုင်သန် မျိုးချစ်မာန် (ကိုကျော်၏ ကဗျာ (စာ–၁၀))